# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

## လူငယ်များ၏တက်ကြွသောစိတ်နှင့် လူကြီးများ၏အတွေ့အကြုံပေါင်းစပ်ပြီး လုပ်ကိုင်ပါမှ တိုင်းပြည်ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

"လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာသံတမန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑


ယနေ့ ဖတ်စရာ

AI နည်းပညာအသုံးချ ကျေးလက်ဒေသဖွံ့ဖြိုးရေး စာ ၁၀

မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်း စာ ၁၅


**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ ဖော်ပြပါရှိ**

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ (ET-301) အခြေခံပရိုဂရမ်မိတ်ဆက် (LOGO! 8)၊ ET-302 (စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာထိန်းချုပ်မှု) နှင့် (ET-303) လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တို့တွင် ဖော်ပြထားပါသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တိုင်းရင်းသားလူငယ်ရှစ်ဦးတို့က "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

❑ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းရင်းသားလူငယ်မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားအား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တိုင်းရင်းသားလူငယ် ရှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဆုတောင်းစာလွှာအား ချိတ်ဆွဲပေး**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဆုတောင်းစာလွှာအား ချိတ်ဆွဲပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်းကြေညာပြီး "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အခမ်းအနားအထိမ်းအမှတ် LED Animation ဖြင့် စတင်ဖွင့်လှစ်၍ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး" ဆိုသည့် Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ခေတ် လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်ကြောင်း၊ ထို့အပြင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ပြီး နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် လူငယ်အားလုံးသည် နိုင်ငံတော်အတွက် အဓိကအင်အားဖြစ်ကြောင်း၊ လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်များ မြင့်မားလာပြီး ဆင်ခြင်တုံတရားနှင့် မှန်ကန်စွာတွေးခေါ်မြော်မြင်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို ကောင်းသထက်ကောင်းအောင် တည်ဆောက်နိုင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် လူငယ်များ၏ လိုအပ်ချက်နှင့် သဘောထားများကို သိရှိနိုင်ပြီး ယခုကဲ့သို့ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေမည်ပင်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်ကြပြီး အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံတော်၏ လူဦးရေ သုံးပုံတစ်ပုံခန့်၊ ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်းပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် လူငယ်များ၏ မှန်ကန်သည့် အတွေးအမြင်နှင့် ခံစားချက်၊ ယုံကြည်ချက်၊ ခံယူချက်များသည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုရယူနိုင်ရေးသည် အရေးပါသည့် စွမ်းအားဖြစ်သည်ကို အလေးထား ပြောကြားလိုကြောင်း။

မျိုးဆက်သစ်လူငယ်များသည် အနာဂတ် နိုင်ငံတော်အတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ယခုကျင်းပမည့် ဖိုရမ်ကို **"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလူငယ်များပါဝင်မှုကို မြှင့်တင်ပေး"** ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်သည် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအင်အားနှင့် ရင်းနှီးပေးဆပ်မှုများစွာဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်သော်လည်း စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုအားနည်းခဲ့သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည်နှေးကွေးပြီး အခက်အခဲများစွာဖြင့် သံသရာလည်နေသည်ကို သတိထားသင့်သည့် သင်ခန်းစာအဖြစ်တွေ့နိုင်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပ အဖျက်အင်အားစုများက နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲပြီး နိုင်ငံဖရိုဖရဲဖြစ်စေရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးဖြိုခွဲနေကြသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

**ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ် ထမ်းဆောင်ခဲ့**

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဆိုးဆိုးရွားရွား ပြုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်မှ အမျိုးသားနိုင်ငံရေးတာဝန်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ထမ်းဆောင်ခဲ့ရကြောင်း၊ အဆိုပါ အဖြစ်မှန်ကိုဖုံးကွယ်ပြီး အကြမ်းဖက် NUG၊ CRPH အဖွဲ့များက တပ်မတော်အနေဖြင့် ဒီမိုကရေစီနောက်ပြန်ဆွဲလုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်၊ လူရွယ်များကို လွဲမှားသည့် မျှော်လင့်ချက်များနှင့်အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ဇန်နဝါရီလ ၁၁ ရက်နေ့များတွင် ပြုလုပ်ခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကြည့်ပါက လွတ်လပ်ပြီး တရားမျှတမှုရှိသည်ကို အားလုံးက လက်ခံကြသည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ ရပ်တည်လျှောက်လှမ်းနေသည်ကို တွေ့မြင်နိုင်ကြောင်း။

လွဲမှားသည့် လက်နက်ကိုင်လမ်းစဉ်များကြောင့် မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် တိုးတက်စပြုနေပြီဖြစ်သည့် အခြေခံအဆောက်အအုံများ မြောက်မြားစွာ ဆုံးရှုံးခဲ့ရကြောင်း၊ ယခုကဲ့သို့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းသည့်နည်းလမ်းသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်အထိ ဘာရလဒ်မှ မထွက်ခဲ့သည်ကို သင်ခန်းစာယူဖို့လိုသကဲ့သို့ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့် ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ရန် အချိန်ကျနေပြီဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

❖ **"အစကောင်းမှ အနှောင်းသေချာ"ဆိုသကဲ့သို့ လူငယ်လူရွယ်များကို အခြေခံပညာကျောင်းများကစပြီး စနစ်တကျပြုစုပျိုးထောင်သွားရန်လို၊ ပညာရေးကဏ္ဍသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသည့် အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကိုပါ ပုံဖော်ပေးနိုင်မည်**

*စာမျက်နှာ ၃ မှ*

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်တူကြမည်ဆိုပါက ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် နိုင်ငံတော်က အစဉ်အမြဲကြိုဆိုဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကမ်းလှမ်းဖိတ်ခေါ်သည်ကို အသိပေးပြောကြားလိုကြောင်း။

**ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်**

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျှော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်ကြည့်ပါက အရေးပါသည့်အောင်မြင်မှုများရှိခဲ့ကြောင်း၊ အထူးသဖြင့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား NCA သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် တည်ငြိမ်မှု၊ ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်ကြောင်း၊ ပြည်တွင်းပဋိပက္ခကို စစ်ရေးအရမဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသည့်နည်းလမ်းကို ဖြစ်ထွန်းစေခဲ့ခြင်းသည် NCA ပင်ဖြစ်ကြောင်း၊ NCA ကြောင့်ပင် တွေ့ဆုံမှုများ၊ နိုင်ငံရေးဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည့်အပြင် နိုင်ငံအတွင်း ပါဝင်ပတ်သက်သူအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

သို့သော်လည်း အမှန်တရားကို မျက်ကွယ်ပြုကာ ပဋိပက္ခ၏ဇာစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံရေးဆန္ဒနည်းပါးခဲ့ပြီး မိမိအဖွဲ့အစည်းနှင့် မိမိတို့အကျိုးကိုသာ အလေးထားခဲ့ခြင်းကြောင့် NCA လုပ်ငန်းစဉ်သည် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်တွေရရှိထားသည့် NCA သဘောတူညီချက်များကိုသဘောတူညီချက်အဆင့်၌ပင် ကျေနပ်ရပ်တန့်မနေကြဘဲ လက်တွေ့အသုံးချအကောင်အထည်ဖော်နိုင်ရန်ကလည်း အရေးကြီးကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအပါအဝင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အတူတကွပူးပေါင်းအကောင်အထည် ဖော်နိုင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC)သည် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် NCA အပေါ်အခြေခံထားပြီး ရရှိပြီးသည့် ငြိမ်းချမ်းရေးခိုင်မာမှုကို ဆက်လက်အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ငြိမ်းချမ်းရေးဆိုသည်ကို တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကို ပြောဆိုပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ်ပူးပေါင်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မတူသည်များကို ခဏဘေးဖယ်ထား ဆက်လက်ဆွေးနွေးရင်းနှင့် တူညီသည့်သဘောထားများကို ပူးပေါင်းအကောင်အထည်ဖော် သွားကြရမည်ဖြစ်ကြောင်း၊ လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည်ကို အသိပေးပြောကြားလိုကြောင်း။

လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာပင် ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုပါက လက်နက်ကိုင်ပဋိပက္ခကိုရပ်တန့်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ကျေလည်အောင် ဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိအခြေအနေတွင် လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်တက်နေဆဲဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ရှေ့ကိုမရောက်နိုင်ဘဲ အတားအဆီးများနှင့်သာ ရင်ဆိုင်နေကြရကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရန်အတွက် ပြည်သူများပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မိမိတို့ဖော်ဆောင်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ယနေ့တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးစိတ်ဝင်စားသူ လူငယ်များအနေဖြင့် တစ်တပ်တစ်အားကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ယူချိန်များတွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအနေအထားအရ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME) စီးပွားရေးလုပ်ငန်းကဏ္ဍသည် ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်မည့် အရေးကြီးသည့်ဇာစ်မြစ်ဖြစ်သည့်အလျောက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထိုသို့ အားပေးခြင်းဖြင့် နိုင်ငံတော်တွင်အရွယ်ရောက်သူလူငယ်တိုင်းသင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့ကို ထိရောက်စွာအလေးထားလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များ အခွင့်အရေးအပြည့်အဝရရှိနိုင်ပြီး လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးသည့်စနစ်ကို ဖော်ဆောင်နိုင်ရန် လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လူငယ်များကို ကဏ္ဍအလိုက် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုမည့်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည်အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးကလည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်ခြင်းသည် တိုင်းပြည်ကိုကျန်းမာကြံ့ခိုင်စေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်**

ခိုင်မာတောင့်တင်းသည့် စီးပွားရေးကို ရရှိပိုင်ဆိုင်ရန်အတွက် ကောင်းမွန်သည့် ပညာရေးစနစ်သည် မရှိမဖြစ်လိုအပ်သော အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ လူငယ်များကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ ထိုအတွက်လည်း နိုင်ငံတော်အနေဖြင့် လူငယ်များအတွက် ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**"အစကောင်းမှ အနှောင်းသေချာ"** ဆိုသကဲ့သို့ လူငယ်လူရွယ်များကို အခြေခံပညာကျောင်းများကစပြီး စနစ်တကျပြုစုပျိုးထောင်သွားရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသည့် အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကိုပါ ပုံဖော်ပေးနိုင်မည်ဖြစ်ကြောင်း။

ကျောင်းသားကျောင်းသူ လူငယ်များကို ပညာရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြည့်ဝသည့်အသိပညာရှင်၊ အတတ်ပညာရှင်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး နိုင်ငံတော်အတွက် အားထားရသည့် လူတော်လူကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ဦးစီးဦးဆောင်ပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိလာအောင်၊ ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြမည်ဖြစ်ခြင်းကြောင့် စိတ်ဓာတ်စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာပြည့်စုံသည့်လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာများ၊ နည်းပညာများမည်သို့ပင် ဖွံ့ဖြိုးတိုးတက်နေပါစေ ကိုင်တွယ်အသုံးပြုသူများ၏စိတ်ဓာတ်များ မကောင်းကြပါက ဆိုးကျိုးများလည်း ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့်ယနေ့လူငယ်များ၏ စိတ်ဓာတ်များ ကောင်းနေစေရေး ကြိုးပမ်းကျင့်ကြံသွားကြရန်နှင့် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသည့် ငြိမ်းချမ်းရေးကဏ္ဍတွင် လူငယ်များကိုယ်တိုင်ပါဝင်ပူးပေါင်းဆောင်ရွက်ပြီး နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေပေးနိုင်မှသာ မိမိတို့တာဝန်ကျေလိမ့်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်လူငယ်များအနေဖြင့် အတိတ်သမိုင်းကို သင်ခန်းစာယူပြီး မှန်ကန်သည့်လမ်းကြောင်းကို ရွေးချယ်တတ်ရန်နှင့် လောကကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့၏ အတွေးအမြင်များကို ဖော်ထုတ်ပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံအတွင်းနေထိုင်သူအားလုံးနှင့် သက်ဆိုင်ခြင်းကြောင့် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံ၏အမျိုးသားရေးကိစ္စများတွင် လူငယ်များတက်တက်ကြွကြွ ပါဝင်လာနေကြသည်ကို တွေ့ရသဖြင့် ကျေးဇူးတင်ဝမ်းမြောက်သည်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်အားလုံးတို့၏ စည်းလုံးညီညွတ်သည့်အင်အားနှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်ရင်း သာယာလှပသည့် နိုင်ငံ့အနာဂတ်ကို တည်ဆောက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးရာတွင် လူငယ်ဟုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိကို လူငယ်ဟုသတ်မှတ်ထားပြီး ၁၅ နှစ်မှ ၂၅ နှစ်အထိ အရွယ်ကိုပညာသင်ယူလျက်ရှိသည့်အရွယ်၊ ၂၅ နှစ်မှ ၃၅ နှစ်အထိအရွယ်ကို အများအားဖြင့်တတ်မြောက်ထားသည့်ပညာများဖြင့် ရပ်တည်အလုပ်လုပ်ကိုင်နေသည့် လူငယ်များဖြစ်ကြကြောင်း၊ ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ယခုလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲအပိုင်း(၁)နှင့် (၂)တို့တွင် လူငယ်လူရွယ်များ များပြားစွာပါဝင်ဆန္ဒမဲပေးကြခြင်းကို တွေ့ရှိရသည့်အတွက် နိုင်ငံတော်အတွက် ကောင်းမွန်သည့် လက္ခဏာပင်ဖြစ်ကြောင်း၊ အနာဂတ်တွင် လူငယ် လူရွယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

ပညာသင်ကြားရာတွင် အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာများ သင်ကြားလျက်ရှိကြောင်း၊ အခြေခံပညာအဆင့် သင်ကြားရာတွင် အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခုကိုပါ ထည့်သွင်းသင်ကြားပေးပါက အခြေခံပညာအဆင့်ပြီးဆုံးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာကို လွယ်ကူစွာကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါအခြေခံပညာအလယ်တန်းအဆင့် (KG+9) ကို မသင်မနေရအဆင့်သတ်မှတ်ပြီး ပညာရေးအဆင့်မြှင့်တင်နေပြီဖြစ်သဖြင့် အခြေခံပညာအထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံ ဗဟုသုတများ သင်ကြားပေးရန် စီစဉ်နေကြောင်း၊ အခြေခံပညာအထက်တန်းအဆင့် KG+10 ၊ KG+11 နှင့် KG+12 တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုဘာသာရပ်များကို သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဘာသာရပ်များကို စိတ်ပါဝင်စားသူများအနေဖြင့် ဆက်လက်၍ သင်ကြားနိုင်ကြောင်း။

အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်) စာမေးပွဲတွင် မအောင်မြင်သည့် လူငယ်များအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနိုင်ရန်အတွက် အတွေးအခေါ်များရရှိစေရေး လာမည့်ပညာသင်နှစ်တွင် ဘာသာရပ်များအလိုက် သင်ကြားပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့စိတ်ပါဝင်စားရာဘာသာရပ်များအလိုက် ဆက်လက်၍ သင်ကြားနိုင်သကဲ့သို့ အခြားဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များကိုလည်း ရွေးချယ်သင်ယူသွားနိုင်ကြောင်း။

အလားတူအဆင့်မြင့်ပညာနှင့် ပတ်သက်၍လည်း ထိုက်ထိုက်တန်တန်ဖြစ်စေရေး သင်ကြားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ **အတတ်ပညာသည် လူတော်ဖြစ်စေပြီး အသိပညာသည် လူကောင်းဖြစ်စေ**ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်လူငယ်များအားလုံး ကျောင်းနေစေရေးနှင့် အတန်းပညာများပြီးမြောက်စေရေး နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိဘများနှင့် ကျောင်းသားကျောင်းသူများ ကိုယ်တိုင်အနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်းပညာများမြင့်မားမှသာ အတတ်ပညာများ မြင့်မားလာမည်ဖြစ်ကြောင်း။

အခြေခံပညာတတ်သည့် ရာခိုင်နှုန်းများမြင့်မားလာရေးသည် နိုင်ငံတော်အတွက် အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ အများအားဖြင့် ပြည်နယ်များနှင့် ဝေးလံခေါင်ပါးသည့် တိုင်းဒေသကြီးအချို့တွင် ပညာရေးအားနည်းသည်ကိုတွေ့ရကြောင်း၊ အတန်းပညာမရှိပါက အတတ်ပညာမရှိသည့်အတွက် လူသားအရင်းအမြစ်များလည်း ရရှိမှုနည်းပါးကြောင်း၊ **အသိပညာအားနည်းပါကလည်း လူကောင်းများနည်းပါးစေပြီး နိုင်ငံ၏ညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်**ကြောင်း၊ ထို့ကြောင့် **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ညီညွတ်မှုရှိစေရေး အသိပညာရှိသည့် လူငယ်လူရွယ်များ များပြားလာရန်လိုအပ်**ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် အသိပညာများ တိုးပွားလာစေရေး စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုကြောင်း။

ပညာရေးအားနည်းချက်ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လိုအပ်ချက်များရှိသည်ကို တွေ့ရကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်စနစ်နှင့်ပတ်သက်သည်များ၊ တိုင်းရင်းသားအခွင့်အရေးနှင့် ပတ်သက်သည်များကို အဓိကထားပြောကြားကြကြောင်း၊ ထိုအထဲတွင် ဒေသဖွံ့ဖြိုးမှု၊ စီးပွားရေးတိုးတက်ကောင်းမွန်မှုများလည်းပါဝင်ကြောင်း၊ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိပြီးစအချိန်မှစ၍ ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၆၂ ခုနှစ်မှစ၍ ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးထွက်ပေါက်များ နည်းပါးခဲ့ကြောင်း၊ ထိုအချိန်တွင် ခံစားချက်များဖြစ်ပေါ်ပြီး ဒီမိုကရေစီနှင့်ပတ်သက်သည်များ၊ နိုင်ငံရေးနှင့်ပတ်သက်သည်များ ပြောကြားလာကြကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုအဖြစ်ဖွဲ့စည်းထားသဖြင့် ဖက်ဒရယ်အခွင့်အရေးများ လိုအပ်သည်များလည်းရှိကြောင်း၊ နေရာဒေသအလိုက် တူညီမှုမရှိသဖြင့် ဖက်ဒရယ်အခွင့်အရေးများလည်း တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ တောင်းဆိုသည့် ဖက်ဒရယ်အခွင့်အရေးတောင်းဆိုမှုများသည် တူညီမှုမရှိကြကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ပညာတတ်များအားနည်းခြင်းကြောင့်ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးရန်အတွက် လူငယ်များအနေဖြင့် မိမိတို့တိုင်းရင်းသားများ၏ ပညာသင်ကြားရေးအတွက် အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်များနှင့် တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဝေးလံခေါင်ပါးသည့်ဒေသများတွင်ရှိသည့် တိုင်းရင်းသားများ၏လူမှုစီးပွားများ မြှင့်တင်ပေးနိုင်ရေးရည်ရွယ်၍ လူငယ်လူရွယ်များကို သင်ကြားမွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ သင်တန်းဆင်းသည့် လူငယ်များအား မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည့်ဌာနများနှင့် သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာဌာနများတွင် တာဝန်ထမ်းဆောင်နိုင်ရန်လိုကြောင်း။



အနုပညာရှင်များက သီဆိုကပြဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။



နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဆုတောင်းစာလွှာချိတ်ဆွဲပေးစဉ်။

နိုင်ငံတော်တစ်ဝန်းတွင် တက္ကသိုလ်များနှင့် ကောလိပ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာသင်ကြားမှုများကို ပိုမိုထိရောက်စေရန်အတွက် ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးလျက်ရှိပြီး ထပ်မံ၍လည်း တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်အတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါတက္ကသိုလ်များ၌ တိုင်းရင်းသားများ တက်ရောက်ရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးပြီးဆုံးသည်အထိ သင်ကြားနိုင်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ အဖျက်သမားများအနေဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိကြကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးထားသည့် လမ်း၊ တံတားများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများအား အဖျက်သမားများက ဖျက်ဆီးမှုများ မပြုလုပ်စေရေး ဝိုင်းဝန်းတားဆီး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေကြောင်း။

**လူငယ်များကို နေရာပေးသွားရန်လို**

လူငယ်များ၏တက်ကြွသည့်စိတ်၊ သင်ကြားထားသည့် **အတတ်ပညာနှင့် လူကြီးများ၏ အတွေ့အကြုံများပေါင်းစပ်၍ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရန်လို**ကြောင်း၊ အလားတူ တာဝန်ရှိသူများအနေဖြင့် လူငယ်များကို မြေတောင်မြှောက်ပေးနိုင်ရန်လိုကြောင်း၊ ယခုရွေးကောက်ပွဲကျင်းပချိန်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြသူများတွင် လူငယ်များလည်း ပါဝင်သည်ကို တွေ့ရကြောင်း၊ လူငယ်များကို နေရာပေးရန်အချိန်တန်ပြီဖြစ်သဖြင့် လာမည့်နိုင်ငံရေးအခင်းအကျင်းတွင် လူငယ်များကို နေရာပေးသွားရန်လိုကြောင်း၊ လူငယ်များအနေဖြင့် တိုးတက်မှုကို လိုလားကြကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသတွင်နေထိုင်ကြခြင်းထက်ဖွံ့ဖြိုးတိုးတက်သည့်ဒေသများသို့သွားရောက်၍ အလုပ်အကိုင်များ လုပ်ကိုင်ကြသည်ကို တွေ့ရကြောင်း၊ မိမိတို့သင်ယူခဲ့သည့် အသိပညာ၊ အတတ်ပညာများကို လူကြီးများ၏ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ မိမိတို့ဒေသတိုးတက်ရေးကို တတ်နိုင်သမျှ ဆောင်ရွက်သွားရန်လိုကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ဒေသများတွင် ပညာရေးကိုမြှင့်တင်ပေးပြီး လူငယ်များ၏ အားများ၊ လူကြီးများ၏ အတွေ့အကြုံများနှင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ပြီး ဒေသအလိုက် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များ၏ စွမ်းဆောင်ရည် အခန်းကဏ္ဍသည် အရှိန်အဟုန်ကြီးမားကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သည့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" သည် လူငယ်များနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ ယခုဖိုရမ်တွင် ပါရဂူဘွဲ့ ငါးဦး၊ ဘွဲ့ကြိုဘွဲ့ ၂၁၆ ဦး၊ ဘွဲ့လွန်ဘွဲ့ ၅၈ ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ၁၆ ဦး၊ ဒီပလိုမာနှင့် အခြားသင်တန်းသား ၂၅ ဦး စုစုပေါင်း ၃၂၀ ပါဝင်သည်ဟု သိရှိရကြောင်း၊ လူသားအရင်းအမြစ်နှင့် ပတ်သက်၍ အားရဖွယ်ရှိသည့် ပါဝင်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖိုရမ်တွင် အားနည်းချက်များကို ဖော်ထုတ်ပြီး ဆွေးနွေးသည့် အဆင့်သာမကဘဲ အကောင်အထည်ဖော်နိုင်သည့်အဆင့်အထိ သွားနိုင်ရန် အနာဂတ်နိုင်ငံရေးအခင်းအကျင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဖိုရမ်ကျင်းပသူများနှင့် ပါဝင်သူလူငယ်များအနေဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**လက်ဆောင်ပစ္စည်းအား ဂါရဝပြုပေးအပ်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်လက်ဆောင်ပစ္စည်းအား ဂါရဝပြုပေးအပ်သည်။

ထို့နောက် လူငယ်များကိုယ်စား နေပြည်တော်ကောင်စီနယ်မြေမှ မောင်ထက်မြက်သူနှင့် မန္တလေးတိုင်းဒေသကြီးမှ မရွှန်းမြတ်မိုးကျော်တို့က အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ အနုပညာရှင်ဝန်ထမ်းများနှင့် ပြင်ပအနုပညာရှင်များက "လူငယ့်အားမာန်တိုင်းပြည်အဖိုးတန်" တေးသီချင်း၊ "အနာဂတ်ပန်း" တေးသီချင်း၊ " National Peace"တေးသီချင်းနှင့် "ပန်းရောင်စုံနဲ့ လှတဲ့မြေ" တေးသီချင်းတို့အား သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

*စာမျက်နှာ ၆ သို့*




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၅၀၀ အား ချီးမြှင့်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

"လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ကို ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်း တည်ငြိမ်ရေးတွင် အားလုံးပါဝင်သော လူငယ်များ၏ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များပိုမိုခိုင်မာလာစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏ အကြံပြုချက်များပေါ်ထွက်လာစေရန်နှင့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆"မှ ပေါ်ထွက်လာသည့်အကြံပြုချက်များကိုစုစည်း၍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာစာတမ်းတစ်ရပ်အား ရေးဆွဲတင်ပြရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန၊ လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ဂါရဝပြုလာရောက်တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၃**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးဌာနကြီး၏ အကြီးအကဲနှင့် လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ဂါရဝပြုလာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာနှင့် လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်းနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု သင်တန်းဆင်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားမှူး (Master of Ceremony) သင်တန်းနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု (Video Editing) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဝန်ထမ်းများအနေဖြင့် အခမ်းအနားမှူးအဖြစ် စနစ်တကျဆောင်ရွက်နိုင်ရန်၊ အရည်အသွေးပြည့်ဝသည့် ဓာတ်ပုံ၊ ဗီဒီယိုနှင့် သတင်းမှတ်တမ်းများရရှိစေရန်၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ယခုသင်တန်းတွင် အခမ်းအနားမှူး (MC) တစ်ဦး၏ ကျင့်ဝတ် (Ethics)များ၊ အသံနေအသံထား(Voice Modulation) နှင့် ကိုယ်အမူအရာ (Body Language) ဆိုင်ရာကျွမ်းကျင်မှုများ၊ ဗီဒီယိုရိုက်ကူးမှုအပိုင်းတွင် ရိုက်ကွင်းရိုက်ကွက်(Camera Angles) ရွေးချယ်မှုများ၊ တည်းဖြတ်မှု (Video Editing) အပိုင်းတွင် ရုပ်နှင့်အသံဟန်ချက်ညီညီ ပေါင်းစပ်ပြီး ပရိသတ်စိတ်ဝင်စားမည့် သတင်းမှတ်တမ်းအဖြစ် ဖန်တီးမှုအတွက် လက်တွေ့ကျသည့် နည်းစနစ်များ၊ သတင်းဓာတ်ပုံရိုက်ကူးခြင်းတွင် အလင်းအမှောင် (Lighting)၊ အချိုးအစား (Composition) နှင့် သတင်းတန်ဖိုး (News Value) ရှိအောင် ရိုက်ကူးရသည့် အတတ်ပညာများ၊ Photoshop ပိုင်းတွင် အရည်အသွေးပိုမိုကောင်းမွန်ပြီး သေသပ်လှပအောင်၊ သတင်းကျင့်ဝတ်နှင့်အညီ ပြုပြင်တည်းဖြတ်ရသည့် နည်းပညာများကို စေတနာအပြည့်ဖြင့် သင်ကြားပေးသည်ကိုတွေ့မြင်သိရှိရပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ခန်းစာများ၏ တန်ဖိုးကို နားလည်ပြီး လက်တွေ့ကျွမ်းကျင်မှု (Skill) ရှိအောင်ဆက်လက်လေ့ကျင့်ကြရန်၊ လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် အခမ်းအနားမှူး ( Master of Ceremony) သင်တန်းသားသင်တန်းသူများကိုယ်စား နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ဒေါ်ခင်ကဗျာကျော်က လည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု(Video Editing) သင်တန်းသား သင်တန်းသူများကိုယ်စား စီမံရေးရာဦးစီးဌာနမှ သင်တန်းသား ဦးအေးလ ကလည်းကောင်း ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် အခမ်းအနားမှူး ( Master of Ceremony) သင်တန်းတွင် သင်တန်းသား ၄၉ ဦးနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု (Video Editing) သင်တန်းတွင် သင်တန်းသား ၃၉ ဦး စုစုပေါင်း ၈၈ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရှင်နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ မှ ရရှိမည့်ရလဒ်များကို လူငယ်နှင့် အစိုးရအကြား၊ အစိုးရနှင့် ပြည်သူအကြား ပျံ့နှံ့ရောက်ရှိအောင် မိမိတို့ဒေသများဆီ ပြန်လည်သယ်ဆောင်

နေပြည်တော်  ဇန်နဝါရီ  ၁၃

**“ငြိမ်းချမ်းရေးနှင့်နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး” ဆောင်ပုဒ်ဖြင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**




အဆိုပါ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်များအနေဖြင့် ငြိမ်းချမ်းရေးကို လူငယ်များ၏ လက်တွေ့ဘဝ၊ လူငယ်များ၏ တာဝန်၊ လူငယ်များ၏ မျှော်မှန်းချက်နှင့်အတူ အနာဂတ်တွင် ပေါင်းစပ်နိုင်ပြီဖြစ်ကြောင်း၊ ဖိုရမ်ဆောင်ပုဒ်သည် “ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး”ဖြစ်ကြောင်း၊ အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည့် လူငယ်များသည် အခြေခံငြိမ်းချမ်းရေး အသိစိတ်ဓာတ်များဖြစ်သည့် တစ်ဦးချင်းစီ၏ ဘာသာစကားနှင့်ယဉ်ကျေးမှုကို လေးစားမှု၊ အမုန်းစကားများမပါဘဲ အမှန်တရားနှင့် ပြေလည်မှုကို ဦးစားပေးမှု၊ ကွဲပြားခြားနားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်နိုင်သည့် စိတ်ထားရှိမှုတို့ကို နားလည်လက်ခံရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာသည် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မြို့ပြလူငယ်၊ နည်းပညာရှင် လူငယ်များအနေဖြင့် စွန့်ဦးတီထွင်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးများ၊ AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် စီးပွားရေးနှင့် နည်းပညာပလက်ဖောင်းများကို မည်သို့လုပ်ဆောင်ကြမည်၊ မည်သို့ဝိုင်းဝန်းအဖြေရှာကြမည်ဆိုသည်ကို ဆွေးနွေးသွားကြရန်လိုအပ်ကြောင်း၊ လူငယ်တိုင်းအတွက် ကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးခြင်းက ငြိမ်းချမ်းရေးကို အကောင်းဆုံးတည်ဆောက်ခြင်း ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် နိုင်ငံသားတိုင်း အခြေခံလိုအပ်နေသည့် စီးပွားရေးဆိုင်ရာဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာသည် အမုန်းစကား ဖြန့်ချိရာနေရာဖြစ်သလို စည်းလုံးညီညွတ်မှု၊ ပြန်လည်သင့်မြတ်မှုနှင့် နားလည်မှုတည်ဆောက်နိုင်သည့် နေရာလည်းဖြစ်ပါကြောင်း၊ ဖိုရမ်မျှော်မှန်းချက်အနေဖြင့် ယခုဖိုရမ်ကနေ ထွက်ပေါ်လာမည့် လူငယ်ငြိမ်းချမ်းရေးကြေညာစာတမ်း (Youth Peace Declaration) သည် လူငယ်များအတွက် လက်တွေ့ကျသည့် လိုအပ်ချက်များ၊ ရည်မှန်းချက်များနှင့် ကတိကဝတ်များပါဝင်သည့် လမ်းညွှန်တစ်ရပ်ဖြစ်စေလိုကြောင်း၊ ထို့အတူ နားလည်မှုတည်ဆောက်ရန် ကွန်ရက်တစ်ခုသာမက တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ချိတ်ဆက်မှုတစ်ခု ဖြစ်စေလိုကြောင်း၊ လူငယ်နှင့် အစိုးရအကြား၊ အစိုးရနှင့် ပြည်သူအကြား ပျံ့နှံ့ရောက်ရှိအောင် ငြိမ်းချမ်းရေးဖိုရမ်မှ ရရှိမည့်ရလဒ်များကို မိမိတို့၏ ဒေသများဆီကို ပြန်လည်သယ်ဆောင်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကျင်းပမည့်အစီအစဉ်နှင့်ပတ်သက်၍ Youth Peace Forum 2026 ကို အမျိုးသားအဆင့်၊ မျှတပြီးပါဝင်နိုင်မှုရှိသော ပလက်ဖောင်းတစ်ခုအဖြစ် စနစ်တကျ စီစဉ်ပြင်ဆင်ခဲ့ကြောင်း၊ ယခုဖိုရမ်သည် လူမျိုး၊ ဒေသ၊ ယဉ်ကျေးမှုနှင့် လူမှုနောက်ခံမတူကွဲပြားသော လူငယ်များကို စုစည်းပြီး မိမိတို့၏ အမြင်များမျှဝေရန်၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးမှ လူငယ်များပါဝင်မှုနှင့် ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရန်၊ လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရန်အတွက် လူငယ်များ၏ အကြံပြုချက်များရရှိစေရန်၊ ရွေးကောက်ပွဲအလွန်ကာလတွင် လူငယ်များ၏ လက်တွေ့ကျသည့် အခန်းကဏ္ဍများကို ဖော်ထုတ်နိုင်ရန် ရည်မှန်းဆောင်ရွက်ထားကြောင်း။

ဆွေးနွေးပွဲကို သုံးရက်ပြုလုပ်သွားမည်ဖြစ်ပြီး ပထမနေ့တွင် လူငယ်များကို ငြိမ်းချမ်းရေးအမွေ လက်ဆင့်ကမ်းပေးခြင်းနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းမြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့် နယ်မြေဒေသအသီးသီးမှ အနည်းဆုံးလူငယ် ၂၂ ဦးထံမှ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးတင်ပြချက်များရယူခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယနေ့တွင် အသိပညာရှင်၊ အတတ်ပညာရှင်လူငယ်များ၊ ကျွမ်းကျင်ပညာရှင်လူငယ်များ၊ ဝန်ကြီးဌာနမှ အတွေ့အကြုံရှိသည့် ကိုယ်စားလှယ် ၁၀ ဦးတို့က သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ် ၃၂၀ တို့က အခန်း ၄ ခန်းခွဲ၍ ဆွေးနွေးဖော်ထုတ်ခြင်းများ ဆောင်ရွက်သွားကြမည်ဖြစ်သည့်အပြင် လျှပ်တစ်ပြက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယနေ့တွင် လူငယ်ဖိုရမ်၏ အဓိကအရေးအကြီးဆုံးဖြစ်သည့် လူငယ်ကွန်ရက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ရက်အလိုက်စီမံချက်၊ အဆိုပြုချက်များ တင်ပြဆွေးနွေးခြင်းများ၊ ဆွေးနွေးချက်များအပေါ် ပညာရှင်အချို့က အကြံပြုဆွေးနွေးပြီး အဆိုပြုချက်များကို အကဲဖြတ်ဆုပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးရက်တာ ဆွေးနွေးပွဲနိဂုံးချုပ်အပိုင်းတွင် အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့်အနာဂတ်လူငယ်ကြေညာစာတမ်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်းပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် ရေးဆွဲနိုင်ရေး အကြံပြုချက် (Recommendations ၊ Outcomes) များကို စနစ်တကျ စုစည်းရယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သူများက ငြိမ်းချမ်းရေးအတွေ့အကြုံများ လက်ဆင့်ကမ်းခြင်း၊ ငြိမ်းချမ်းရေး၊ စေ့စပ်ညှိနှိုင်းရေးနှင့်ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အစီအမံများ၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ယုံကြည်မှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်းဆိုင်ရာ အစီအမံများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မဟာဗျူဟာအမြင်ဖြင့် လေ့လာခြင်း၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း မြှင့်တင်ခြင်းနှင့် လူငယ်များ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်လာသည့် လူငယ်ကိုယ်စားလှယ်များက လက်နက်ကိုင်ပဋိပက္ခများ လျော့ချရပ်တန့်စေရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်းနှင့် လူငယ်ကိုယ်စားလှယ်များထံမှ လူငယ်များအတွက် ငြိမ်းချမ်းရေးဆိုင်ရာ လျှပ်တစ်ပြက်စစ်တမ်း ဆန္ဒသဘောထားကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးမှုများမှရရှိလာမည့် အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး လက်နက်ကိုင်ပဋိပက္ခများရပ်တန့်စေရေးနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း မြှင့်တင်ခြင်းတို့တွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း(ရွှေ့ပြေးစမ်းသပ်မှု)လုပ်ငန်း အသုံးပြုခဲ့သည့် ဒစ်ဂျစ်တယ်နည်းပညာများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  ဇန်နဝါရီ  ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကျင်းပပြုလုပ်သော ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း (ရွှေ့ပြေးစမ်းသပ်မှု) လုပ်ငန်းတွင် အသုံးပြုခဲ့သည့် ဒစ်ဂျစ်တယ်နည်းပညာများအား ဌာနလုပ်ငန်းများအတွက် အသုံးချနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ Leveraging Digital Techno–logies for Efficient Resource Manage–ment in SLRD: Insights from the MCA 2023 Pilot Test အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ရုံးဝင်းအတွင်းရှိ သီးနှံအထွက်နှုန်း အကဲဖြတ်စင်တာ (Crop Yield Assessment Center) ၌ ကျင်းပသည်။

ဦးစွာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်အောင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲထွန်းက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးဆောင်ရွက်ကြမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မေးခွန်းလွှာများပြုစုခြင်း၊ စာရင်းအင်းပညာ အခြေခံသဘောတရားများ၊ CS Pro အသုံးပြု၍ CAPI နည်းပညာဖြင့်စာရင်းကောက်ခြင်း၊ Database Management System(DBMS) အခြေခံ၊ Stata အသုံးပြုနည်းနှင့် ကိန်းဂဏန်းအချက်အလက်များကို စာရင်းအင်းနည်းပညာအသုံးပြု၍ ခွဲခြမ်းစိတ်ဖြာခြင်း ကဏ္ဍများအား ဆွေးနွေးမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အရာထမ်း အမှုထမ်းများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ပထမရက် စတင်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing ) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိသည်။

ကြားနာပွဲ ပထမရက်အဖြစ် ဇန်နဝါရီ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တရားရုံးဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီး ၁၀ ဦးနှင့် နှစ်ဖက်အမှုသည်များက ခန့်ထားသည့် တရားသူကြီးနှစ်ဦး တက်ရောက်ကြသည်။

ကြားနာပွဲတွင် တရားရုံးဥက္ကဋ္ဌက အဖွင့်မိန့်ခွန်းပြောကြားပြီး ဂမ်ဘီယာနိုင်ငံ၏ ကိုယ်စားလှယ် (Agent) ဖြစ်သူ ရှေ့နေချုပ်နှင့် တရားရေးဝန်ကြီးက ရှင်းလင်းဆွေးနွေးပြောကြားကာ ဂမ်ဘီယာနိုင်ငံ၏ ပထမအကျော့ လျှောက်လဲမှုအဖြစ် ဂမ်ဘီယာနိုင်ငံ၏ ရှေ့နေများက လျှောက်လဲခဲ့ကြကြောင်းနှင့် ဂမ်ဘီယာနိုင်ငံ၏ ပထမအကျော့ လျှောက်လဲခြင်းကို ဇန်နဝါရီ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ဆောင်ရွက်သွားမည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

# ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံး၏ ကြားနာပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် တရားရုံး၏အခန်းကဏ္ဍကို အလေးထားယုံကြည်ကြောင်း ပြသသည့်အနေဖြင့် မြန်မာနိုင်ငံသည် ကြားနာပွဲသို့ တက်ရောက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာအသိုက်အဝန်း၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ၁၉၄၈ ခုနှစ်၊ လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အမှုစတင်သည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလကတည်းက တရားရုံးနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် တရားစီရင်မှု အဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့သည့်အပြင် တရားရုံးက ချမှတ်သည့် အမိန့်များ၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို လိုက်နာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်များကို အပြည့်အဝလေးစားလိုက်နာခဲ့ပြီး တရားရုံးကသတ်မှတ်ထားသည့် ကာလအလိုက် အစီရင်ခံစာများကို တင်သွင်းခဲ့သည်။

ကြီးလေးသော အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသဖြင့် အဆိုပါ တရားစီရင်မှုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည်။ သို့ဖြစ်ရာ မြန်မာအစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူတို့၏ ဂုဏ်သိက္ခာကို ကာကွယ်နိုင်ရေးအတွက် အခြေအမြစ်မရှိသော အချက်အလက်များကို အခြေခံသည့် တစ်ဖက်သတ် အစီရင်ခံစာများသည် အမှန်တရားကို ဖော်ဆောင်နိုင်ခြင်းမရှိကြောင်းတို့ကို တရားရုံးအားပြသရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆင်ခြင်သုံးသပ်နိုင်မှု၊ လွတ်လပ်မှု၊ တရားမျှတမှုတို့အပေါ် ယုံကြည်မှုအပြည့်အဝရှိသည်။

တရားရုံးအနေဖြင့် သက်သေအထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျစွာ သုံးသပ်လျက် လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ပါ ဥပဒေမူဘောင်များနှင့် အချက်အလက်မှန်များကိုအခြေခံ၍ တရားမျှတပြီး မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဟု ယုံကြည်သည်။ ဂမ်ဘီယာ၏ ပထမအကျော့ လျှောက်လဲချက်များအပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်များသည် အချက်အလက်အရနှင့် ဥပဒေကြောင်းအရ မှန်ကန်မှုရှိသော အချက်အလက်များမဟုတ်ကြောင်းကို ခိုင်မာသည့် သက်သေအထောက်အထား အစုံအလင်ဖြင့် တရားရုံးသို့ လျှောက်လဲသွားမည်ဖြစ်ပါသည်။

တရားရင်ဆိုင်နေစဉ်အတွင်း မြန်မာနိုင်ငံသည် အမှုကို တရားရုံးပြင်ပ၊ အထူးသဖြင့် နိုင်ငံတကာ မီဒီယာရှေ့တွင် ငြင်းခုံနေမည်မဟုတ်ပါ။ တရားစီရင်မှုအပေါ် မျှော်လင့်ချက်ကြီးမားစွာထားရှိပြီး တစ်ချိန်တည်းမှာပင် တရားစီရင်မှု၏ ဂုဏ်သမာဓိ ထိခိုက်နိုင်မှုမရှိစေရန်အတွက် ပြင်ပမှ ဖိအားပေးမှုနှင့် ဝင်ရောက်စွက်ဖက်မှုများကို ကာကွယ်သွားရန် အရေးကြီးသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုနှင့် နေရပ်စွန့်ခွာသူများအရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အခြား နိုင်ငံတကာမိတ်ဆွေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မည်သို့ပင်အခက်အခဲများ ကြုံတွေ့စေကာမူ မြန်မာနိုင်ငံအနေဖြင့် ယင်းကိစ္စအောင်မြင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်ခဲ့ပြီး လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနေရာချထားရေးလုပ်ငန်းစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်ပါ ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် အခြေအနေပေးပါက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံပြီး ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်နိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နှင့် သုံးပွင့်ဆိုင် သဘောတူညီမှုများနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများပြုနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုခဲ့ပါသည်။

ဂမ်ဘီယာနှင့် မြန်မာအကြား တရားရင်ဆိုင်နေမှုသည် သက်ဆိုင်ရာနှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ စာချုပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံရေးအရ စွပ်စွဲပြစ်တင်သည့် ကိစ္စရပ်မဟုတ်ကြောင်း အလေးအနက် ထောက်ပြလိုသည်။ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များကို တရားရုံး၏ ရှေ့မှောက်တွင် ဥပဒေကြောင်းအရ ကျိုးကြောင်းချက်လက် ခိုင်လုံစွာဖြင့် ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်၌ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးအပေါ် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်းကို ပြသသွားမည်ဖြစ်သည်။

# မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ခုခံချေပခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ခုခံချေပခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင်ကို ယမန်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသည် ရွေးကောက်ပွဲအပြီးတွင် သမိုင်းစာမျက်နှာအသစ်သို့ကူးပြောင်းကာ နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စတင်ဖော်ဆောင်တော့မည့် အချိန်အခါဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံသစ်တစ်ရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သော အားပေးကူညီမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အထူးလိုအပ်လျက်ရှိကြောင်း၊ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ရင်ဆိုင်နေရသော အမှုကိစ္စသည် မြန်မာနိုင်ငံကို ကိုယ်စားပြုသည့်အပြင် မြန်မာပြည်သူအားလုံး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် မိမိ၏ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်သည့် ခိုင်မာသော အစဉ်အလာကောင်းများကို အစဉ်တစိုက် ထိန်းသိမ်းခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ ယခု ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသောအမှုတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့သို့ သွားရောက်ကာ တရားမျှတမှုနှင့် အမှန်တရားကို လက်ကိုင်ထား၍ မြန်မာနိုင်ငံအတွက် အစွမ်းကုန်လျှောက်လဲချက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ ICJ သို့ တင်ပြချက်များသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အမှန်တရားကို မြတ်နိုးတန်ဖိုးထားကြသည့် မြန်မာပြည်သူပြည်သားများ၏ ဆန္ဒသဘောထားများနှင့် တစ်ထပ်တည်းကျလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် အမှန်တရားဘက်မှ ရပ်တည်ဆောင်ရွက်နေသည့် ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းမှုများကို ကျွန်ုပ်တို့ အပြည့်အဝထောက်ခံအားပေးကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံးရှိ ဂုဏ်သရေရှိ တရားသူကြီးများအနေဖြင့်လည်း မိမိတို့၏မွန်မြတ်လှသော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းလျက်၊ မည်သည့်အစွဲအလမ်းမျှမပါဘဲ အခြေအနေမှန်နှင့် အဖြစ်မှန်များကို ဘက်လိုက်မှုကင်းစွာဖြင့် ဝေဖန်ဆန်းစစ် သုံးသပ်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ နိုင်ငံတကာဥပဒေနှင့် မြေပြင်တွင် အမှန်တကယ် ဖြစ်ပျက်နေသည့် အခြေအနေများအပေါ် အပြန်အလှန် လေးစားလိုက်နာမှုရှိသော အဖြေတစ်ခု ထွက်ပေါ်လာရေးအတွက် အဖြစ်မှန်များကို မျှတစွာ သုံးသပ်ဆုံးဖြတ်ရန်မှာ အလွန်ပင်အရေးကြီးကြောင်း မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က သတင်းထုတ်ပြန်အပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ပါကစ္စတန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို ကောင်းမွန်လာစေရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာဖလှယ်ရေး၊ နည်းပညာ အကူအညီ (Technical Assistance) ပေးအပ်နိုင်မည့်ကိစ္စရပ်များတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၌ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)နှင့်စပ်လျဉ်း၍ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ခါကာဘိုရာဇီခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ကချင်ပြည်နယ်တာဝန်ခံနှင့် တိုင်းမှူးတို့က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂) ကျင်းပခဲ့မှုအပေါ် အားနည်းချက်၊ အားသာချက်များကိုရှင်းလင်းဆွေးနွေးပြောကြား၍ လာမည့်ရွေးကောက်ပွဲ အပိုင်း(၃)အတွက် လွယ်ကူချောမွေ့ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများက ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပခဲ့သည့်မြို့နယ်များမှ အားနည်းချက်၊ အားသာချက်များကို အသီးသီးဆွေးနွေးတင်ပြကြပြီး ရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပမည့်မြို့နယ်များ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်လျက်ရှိသည့် ယာယီဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက် ဌာနများမှ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် ယာယီဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၅၊ ရုံးအမှတ် ၂၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (ရွာတော်)၊ နေပြည်တော် ဘူတာကြီး နယ်မြေရှိ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့မီးရထား၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်း၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ငလျင်ဘေးသင့် ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့် အိမ်ရာများသို့သွားရောက်၍ သောက်ရေ သုံးရေရရှိရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အိမ်ရာများ လုံခြုံရေး ဆောင်ရွက်ပေးရန်၊ Container House တစ်လုံးနှင့် တစ်လုံး အကြား အပူဒဏ်သက်သာစေရန်အတွက် အမိုးအဖီများ စနစ်တကျ ခိုင်ခံ့စွာပုံစံတူ ပြုလုပ်ပေးရန် မှာကြားပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ အမှန်တရားနှင့်တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်လျက်ရှိကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သဘောထားထုတ်ပြန်ချက် ထုတ်ပြန်ကြေညာ

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**သဘောထားထုတ်ပြန်ချက် (၁/၂၀၂၆)**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ အင်္ဂါနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့်အမှန်တရားအတွက် အစွမ်းကုန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ICJ အမှုအခင်းသည် မြန်မာနိုင်ငံအတွက် သွေးရိုးသားရိုးအမှုအခင်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့်သက်ဆိုင်သော နိုင်ငံ့အရေးဖြစ်ပါသည်။ မြန်မာနိုင်ငံက မကျူးလွန်သည့်အမှုတစ်ခုကို နိုင်ငံတကာအထင်အမြင်လွဲမှားအောင်၊ မတရားစွပ်စွဲခံရအောင်၊ မြေပြင်နှင့်ကွဲလွဲသည့် သတင်းအချက်အလက်အမှားများဖြင့် စွပ်စွဲနေခြင်းသာဖြစ်ပါသည်။ ICJ မှ ဂုဏ်သရေရှိတရားသူကြီးများအနေဖြင့် မွန်မြတ်သော တရားစီရင်ရေးကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းလျက် အမှန်ကိုအမှန်အတိုင်း ဘက်လိုက်မှုကင်းစွာဖြင့် သုံးသပ်ဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ပါသည်။

၃။ ယခုအမှုကိစ္စသည် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စဖြစ်သဖြင့် မြန်မာတစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

# AI နည်းပညာအသုံးချ ကျေးလက်ဒေသဖွံ့ဖြိုးရေး

**ယနေ့ခေတ်တွင် နိုင်ငံတော်တော်များများ၊ နယ်ပယ်တော်တော်များများ၌ AI ခေါ် ဉာဏ်ရည်တု နည်းပညာရပ်များကို တွင်တွင်ကျယ်ကျယ်အသုံးချလာနေသည်ကို တွေ့ရသည်။ အသုံးပြုရလွယ်ကူသည့် AI Assistance Apps များလည်း အများအပြားပေါ်ပေါက်လာပြီဖြစ်ရာ အချက်အလက်မှန်သည်၊ မှားသည် အပထား အလွယ်တကူ အသုံးပြုနိုင်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ စဦးပိုင်း အခြေအနေထက်စာလျှင်လည်း အချက်အလက်များ ပိုမိုမှန်ကန်မှုရှိလာသလို အထောက်အကူပြု ကိရိယာတစ်ခုအနေဖြင့် အတော်လေး အားကိုးအားထားပြု၍ ရလာသည်ကိုလည်း တွေ့ရှိရပါသည်။**

ခန့်ဇော်(ကျေးလက်)

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသော တရုတ်-အာဆီယံစိုက်ပျိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုညီလာခံတွင် AI မျက်မှန်များ အသုံးပြုခြင်း၊ AI လူသားအရင်းအမြစ်ပြခန်း (Artificial Intelligence HR Pavilion ပြခန်း) ထည့်သွင်းပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး AI agents များ၊ စာသားအချက်အလက်အများကြီးကို သင်ယူထားသော AI မော်ဒယ် (Large Language models)နှင့် ဉာဏ်ရည်တုစက်ရုပ်များ အပါအဝင် AI နည်းပညာထုတ်ကုန်ပေါင်း ၁၂၀၀ ခန့် ပြသခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ စာရေးသူ၏ တစ်ဦးတည်း ပုဂ္ဂလိကအမြင်အရမူ AI သည် "သုံးတတ်လျှင်ဆေးဖြစ်ပြီး မသုံးတတ်လျှင် ဘေးဖြစ်စေမည့်အရာ"။ သို့သော် ခေတ်နှင့်အညီ အမီ ဖွံ့ဖြိုးဖို့ကြိုးစားရာတွင် AI ကို ဆေးအဖြစ် အသုံးချတတ်ရန် လိုအပ်ပါမည်။ အထူးသဖြင့် ကျေးလက်ဒေသများ မြို့ပြနှင့်မခြား ဖွံ့ဖြိုးလာစေရေးတွင် AI နည်းပညာအသုံးချနိုင်မှုသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဟု ရှုမြင်မိပါသည်။

ထို့အတူ စာရေးသူကိုယ်တိုင်လည်း AI ကို စမ်းသပ်အသုံးပြုကြည့်ဖြစ်သည့်အပြင် AI မှ တစ်ဆင့်ပင် AI အကြောင်းကို ထဲထဲဝင်ဝင် လေ့လာကြည့်ဖြစ်သလို "ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍစုံတွင် AI ကို ဘယ်နည်းဘယ်ပုံ အသုံးချ၍ရမလဲ" ဆိုသည့်မျိုးမှအစ မေးပြီး ဤဆောင်းပါးရေးဖြစ်ခဲ့သည်။

**AI (Artificial Intelligence)ဆိုတာ ဘာလဲ**

AI(ဉာဏ်ရည်တု)နည်းပညာဆိုသည်မှာ စက်များ(ကွန်ပျူတာများ)ဖြင့် ဖန်တီးထားသည့် လူသားဉာဏ်ရည်နှင့်တူသော လူသားကဲ့သို့ လုပ်ဆောင်နိုင်သောစွမ်းရည်ကို ဆိုလိုပါသည်။ အဆိုပါ ဉာဏ်ရည်တု နည်းပညာဖြင့် အချက်အလက်များ၊ ပုံစံများကို သင်ယူမှတ်မိနိုင်ခြင်း၊ ပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ ဆုံးဖြတ်ချက်များချနိုင်ခြင်း၊ ရှုပ်ထွေးသော အခြေအနေများတွင် အကောင်းဆုံးဖြေရှင်းနည်းကို ရှာဖွေနိုင်ခြင်း၊ လူတို့၏ဘာသာစကားကို နားလည်ပြီး တုံ့ပြန်နိုင်ခြင်းနှင့် ရုပ်ပုံ၊ ဗီဒီယိုများကို ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

ယေဘုယျအားဖြင့် AI ကို General AI (လူသားဉာဏ်ရည်ကဲ့သို့ နေရာစုံတွင် သင်ယူနိုင်စွမ်းရှိသော AI) နှင့် Narrow AI (အကန့်အသတ်ဖြင့်သာ တိကျစွာအလုပ်လုပ်နိုင်သော AI)ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ ထိုနှစ်မျိုးလုံးတွင် အချက်အလက်များမှတစ်ဆင့် အလိုအလျောက်သင်ယူတတ်သောစနစ်၊ ပုံများကို မြင်တတ်ခွဲခြားတတ်သောစနစ်နှင့် လူတို့၏ ဘာသာစကားအသီးသီးကို နားလည်သောစနစ်များ ပါဝင်ပါသည်။

**ကျေးလက်ဖွံ့ဖြိုးရေးနှင့် AI အကြားဆက်နွှယ်မှု**

AI သည် ကျေးလက်ဒေသများအား ရိုးရာနည်းလမ်းများသုံးစွဲရင်း ခေတ်နောက်ကျ ကျန်ရစ်နေသည့် အခြေအနေမှ ခေတ်မီတိုးတက်သော နည်းပညာအခြေပြုဖွံ့ဖြိုးမှုဆီသို့ ကူးပြောင်းရန် ကူညီပေးနိုင်သည့်အပြင် ပစ္စည်းကိရိယာချို့တဲ့မှု၊ အခြေခံအဆောက်အအုံနည်းပါးမှုနှင့် လူငယ်ဦးရေဆုတ်ယုတ်လာမှုစသည့် ကျေးလက်ဒေသများ၏ သဘာဝအရ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို



ဖြေရှင်းရန် အကူအညီပေးနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် အဓိကကျသော စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လာနိုင်စေရန်နှင့် ကျေးလက်နေပြည်သူများ ကိုယ်တိုင်ပါဝင်၍ ဒေသအလိုက်လိုအပ်ချက်နှင့် ကိုက်ညီသော ဖြေရှင်းနည်းများ ဖန်တီးနိုင်ရန် လိုအပ်သည့်သတင်းအချက်အလက်နည်းပညာများကို AI က ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

**AI အသုံးချ စိုက်ပျိုးမွေးမြူရေးကဏ္ဍ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် စိုက်ပျိုးရေးအကြောင်း ဦးစွာမေးဖြစ်သည်။ AI နည်းပညာဖြင့် Smart Agriculture ဖြစ်သည့် မြေဆီလွှာအခြေအနေ၊ ရာသီဥတု၊ သီးနှံအခြေအနေများကို ခွဲခြမ်းစိတ်ဖြာ၍ ရေနှင့်ဓာတ်မြေဩဇာအသုံးပြုမှုကို အချိန်နှင့်တစ်ပြေးညီ ညွှန်ပြပေးနိုင်ခြင်း (ဥပမာ- Droneမှ ရိုက်ကူးထားသောပုံများကို AI က ခွဲခြမ်းပြီး မည်သည့်နေရာတွင် ပိုးမွှားကျနေသည်၊ ရေလိုအပ်နေသည် စသည်ဖြင့် သိရှိနိုင်ခြင်း)တို့ကို ဆောင်ရွက်နိုင်ပါမည်။ မြေဆီလွှာအခြေအနေခွဲခြမ်းခြင်း၊ ရေသွင်းရေထုတ်အချိန်ညှိခြင်း၊ ပိုးမွှားရောဂါ ကြိုတင်အသိပေးခြင်း၊ သီးနှံအထွက်နှုန်းခန့်မှန်းခြင်း၊ သီးနှံရိတ်သိမ်းချိန်ခန့်မှန်းခြင်း (AI ဖြင့် သီးနှံ အထွက်နှုန်းကို ကြိုတင်ခန့်မှန်းနိုင်ပြီး ဈေးကွက်ဆီသို့ ထိထိရောက်ရောက် ပို့နိုင်ခြင်း)နှင့် တိရစ္ဆာန်ကျန်းမာရေး (ကျွဲ၊ နွားများ၏ကျန်းမာရေးအခြေအနေ၊ ကိုယ်အလေးချိန်တိုးတက်မှုတို့ကို စောင့်ကြည့်နိုင်ခြင်း)တို့ကို Drone များဖြင့် လေကြောင်းမှစောင့်ကြည့်ခြင်း၊ Sensor များတပ်ဆင် တိုင်းတာခြင်းနှင့် AI အကြံပေးစနစ်များ အသုံးပြုခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

**စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာ အသုံးပြုခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများ**

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာ အခြေပြုစနစ် အသုံးပြုခြင်းဖြင့် ရာသီဥတု၊ မြေဆီလွှာအခြေအနေ၊ ရေလိုအပ်ချက်၊ သီးနှံရောဂါရှာဖွေရေးနှင့် သီးနှံအထွက်နှုန်းတို့ကို တိကျစွာခန့်မှန်းခြင်း၊ ရေနှင့်ဓာတ်မြေဩဇာ ချွေတာနိုင်ခြင်း၊ အထွက်နှုန်း မြှင့်တင်နိုင်ခြင်း၊ ရောဂါနှင့် ပိုးမွှားများကို စောစီးစွာသိရှိနိုင်ခြင်း၊ သီးနှံပျက်စီးမှုကို လျှော့ချနိုင်ခြင်းနှင့် ကုန်ကျစရိတ်သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရှိရပါသည်။

**AI အသုံးချကျေးလက်ကျန်းမာရေးကဏ္ဍ**

AI ရောဂါရှာဖွေရေးကိရိယာ (AI Diagnostic Support/ Health Data Analytics – ကျေးလက်ဒေသရှိ ကျန်းမာရေးဝန်ထမ်းများအား AI စနစ်များဖြင့် ရောဂါလက္ခဏာများကို ပိုမိုမြန်ဆန်စွာ ရှာဖွေ ခွဲခြားနိုင်အောင် ကူညီပေးနိုင်ခြင်း၊ အဝေးမှ ဆေးကုသမှု (Tele medicine)၊ မိုဘိုင်းကျန်းမာရေး Apps၊ ကျေးလက်ဆေးခန်းများအတွက် AI အကူ (ကျေးလက်ဒေသများတွင် ဘာသာစကား အခက်အခဲရှိပါက AIဘာသာပြန်ကိရိယာများက ဆေးညွှန်းများကို ဒေသိယ စကားသို့ ပြန်ဆိုပေးနိုင်ခြင်း)၊ လက်ကိုင်ဖုန်းကင်မရာဖြင့် ရောဂါရှာခြင်း၊ Video Call ဖြင့် ဆရာဝန်ပြခြင်းနှင့် AI Chatbot များဖြင့် အကြံဉာဏ် ရယူခြင်းစသည့် AI အခြေပြုကျေးလက်ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

**AI အသုံးချ ကျေးလက်ပညာရေးကဏ္ဍ**

နိုင်ငံဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ပညာရေးသည်လည်း အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ပါသည်။ **"နိုင်ငံဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသည့် ဆောင်ပုဒ်လည်းရှိပါသည်။ AI အခြေပြု ပညာရေးစနစ်များဖြစ်သည့် e-Learning Platforms၊ AI Tutor Systems (Offline & Online Personalized Learning Path) AI သင်ကြားရေး ပလက်ဖောင်းများကို အသုံးပြု၍ ဘာသာစကား သင်ကြားရေး၊ နည်းပညာဆိုင်ရာသင်တန်းများ၊ အခမဲ့အွန်လိုင်း သင်တန်းများကို ပို့ချဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသခံဘာသာစကားဖြင့် သင်ယူနိုင်ခြင်း (AI ဘာသာပြန်ဆော့ဖ်ဝဲများသည် မြန်မာဘာသာစကားမှ တိုင်းရင်းသားဘာသာစကားများသို့လည်းကောင်း၊ အင်္ဂလိပ်စာသင်ယူရာတွင် လည်းကောင်း အထောက်အကူပြုနိုင်ခြင်း)၊ ကျောင်းသားတစ်ဦးချင်းစီ၏သင်ယူနိုင်စွမ်းကို အခြေခံ၍ သင့်တော်သောသင်ခန်းစာများကို အလိုအလျောက် ညှိနှိုင်းပေးနိုင်ခြင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးနှင့်ပတ်သက်သည့် App များထံမှ အကူအညီရယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**AI အသုံးချ ကျေးလက်စီးပွားရေးကဏ္ဍ**

ကျေးလက်စီးပွားရေးကဏ္ဍတွင်လည်း ကျေးရွာထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ဖြူးခြင်း၊ AI ဖြင့် ကြော်ငြာစာသားဖန်တီးခြင်း၊ ကျေးလက်ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ အွန်လိုင်းရောင်းဝယ်ရေးစသည့် AI အသုံးချကျေးလက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် ငွေကြေးဝန်ဆောင်မှုများဖြစ်သော AI ချေးငွေစနစ်(ကျေးလက်လုပ်ငန်းငယ်များအတွက် ချေးငွေအဆင်ပြေစေခြင်း)၊ မိုဘိုင်း App များမှတစ်ဆင့် ချေးငွေပေးခြင်း (AI ဖြင့် ချေးသူ၏ ယုံကြည်စိတ်ချရမှုဆန်းစစ်ခြင်း)၊ ငွေပေးချေခြင်း၊ ကျေးရွာအစုအဖွဲ့ ငွေကြေးစီမံခန့်ခွဲမှု စသည်တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးလက်စီးပွားရေးကဏ္ဍတွင် AI နည်းပညာ အသုံးချခြင်းဖြင့် ကျေးလက်ထုတ်ကုန်များအတွက် ဈေးကွက်လိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာ၍ ထိရောက်သော ရောင်းချမှုနည်းလမ်းများ ညွှန်ပြပေးနိုင်ခြင်း၊ AI အခြေပြု ဈေးကွက်ရှာဖွေရေးကိရိယာများဖြင့် ကျေးလက်ထွက်ကုန်ပစ္စည်းများကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်ရန် ကူညီပေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း လေ့လာသိရှိရပါသည်။

**AI အသုံးချ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ**

ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးတွင်လည်း AI ကို နည်းလမ်းမျိုးစုံဖြင့် အသုံးချနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးလက်လမ်းများကို GIS mapping ဖြင့် နေရာရွေးချယ်ခြင်း (GIS Mapping & Smart Road Design)၊ Drone imagery ဖြင့် လမ်းအခြေအနေစောင့်ကြည့်ခြင်း၊ Predictive maintenance ဖြင့် ပြုပြင်ထိန်းသိမ်းမှု ကြိုတင်စီမံနိုင်ခြင်းများ ဆောင်ရွက်နိုင်သကဲ့သို့ ကျေးလက်ရေပေးရေးကဏ္ဍတွင်လည်း AI အခြေခံ ရေစီးဆင်းမှုခန့်မှန်းခြင်း (AI Water Flow Prediction)၊ မိုးရေစုဆောင်းခြင်းစနစ် (Rainwater Harvesting Optimization)၊ ရေကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲပေးပြီး ရေနှင့်စွမ်းအင်ကို ချွေတာကာ အပင်ကြီးထွားမှုကို အကောင်းဆုံး အထောက်အပံ့ပေးနိုင်သော အလိုအလျောက် ရေပေးသွင်းစနစ် (Smart Irrigation Systems) များကို အသုံးပြုနိုင်မည်ဖြစ်ပါသည်။

AI ဖြင့် ဒရုန်းမှ ရိုက်ကူးထားသော ကျေးလက်လမ်းများ၏ပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာ၍ ပြင်ဆင်ရန် လိုအပ်သောနေရာများကို အလိုအလျောက် ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့အတူ ကျေးလက်ရေပေးဝေရေးစနစ်အတွင်း ရေသွင်းရေထုတ်စနစ်၊ ရေလွှဲလမ်းကြောင်းများကို AI ဖြင့် စီမံခန့်ခွဲနိုင်မည်ဖြစ်သကဲ့သို့ ကျေးလက်မီးလင်းရေးကဏ္ဍတွင်လည်း ဆိုလာစွမ်းအင် ထုတ်လုပ်မှုစောင့်ကြည့်ခြင်း (Solar Grid Monitoring/ Remote Monitoring)၊ AI အသုံးပြု အလိုအလျောက် ဝန်အားထိန်းညှိခြင်း (AI Load Balancing for Rural Electricity)၊ စွမ်းအင်သုံးစွဲမှုဆန်းစစ်ခြင်း (Energy Consumption Analytics)တို့ကို ဆောင်ရွက်နိုင်ပြီး ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်ထိရောက်စွာ ဖြန့်ဖြူးနိုင်စေမည့် အကျိုးကျေးဇူးကို ရရှိစေနိုင်ပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် AI အသုံးပြု ကျေးလက်သယ်ယူပို့ဆောင်ရေး (AI- Powered Rural Transportation)၊ လိုအပ်ချက်အပေါ် အခြေခံသောပို့ဆောင်ရေး (Demand- Responsive Transportation-DRT)၊ ဖြန့်ဖြူးရေးနှင့် ကုန်စည်ပို့ဆောင်ရေးစီမံခန့်ခွဲမှု (Logistics & Delivery Management)၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ကြိုတင်ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှု (Predictive Maintenance)၊ ကြိုတင်ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှုတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Mobile App များမှ တစ်ဆင့် သွားချင်သည့်နေရာကို ကြိုတင်ဘွတ်ကင်လုပ်နိုင်ခြင်း၊ AI စနစ်ဖြင့် ဘတ်စ်ကား/ယာဉ်ငယ်လေးတွေကို ခရီးသည်ရှိသည့်နေရာကို (Ride-Sharing/ Pooling) တူရာလမ်းကြောင်း ချိန်ညှိပေးနိုင်ခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူမြန်ဆန်စေခြင်း၊ ကျေးလက်ထွက်ကုန်များ၏ ဈေးကွက်ရောက်ရှိမှု ပိုမိုမြန်ဆန်လာစေခြင်းနှင့် ကျေးလက်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေခြင်းနှင့် အရေးပေါ်ဝန်ဆောင်မှုများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

စာရေးသူသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို နှစ်ရှည်လများ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့သူဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် AI နည်းပညာရပ်များ တွင်တွင်ကျယ်ကျယ် အသုံးချလာနိုင်စေရန် ကြိုးပမ်းချင်စိတ် ပြင်းပြနေမိပါသည်။

လက်ရှိတွင် စာရေးသူတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းများ ဖောက်လုပ်ရာတွင် GIS Mapping စနစ် အသုံးပြုလျက်ရှိသလို ရေရရှိရေးတွင် RWMIS စနစ်ဖြင့် Data ကောက်ယူခြင်း၊ ရေမီတာအတွက် Pre-paid Meter စနစ်အသုံးပြုခြင်း၊ ကျေးလက်မီးလင်းရေးတွင် Smart Meter များ အသုံးပြု၍ Pre-paid စနစ်ဖြင့် ဓာတ်အားခကောက်ခံခြင်း၊ Remote Monitoring စနစ်ဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမှုအခြေအနေ၊ ဓာတ်အားပေးစနစ်၏လည်ပတ်မှုအခြေအနေတို့ကို စောင့်ကြည့်စစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်လည်း MIS စနစ်ဖြင့် Data ကောက်ယူခြင်း၊ Mobile Banking စနစ်ဖြင့် ချေးငွေထုတ်ချေးခြင်း၊ အတိုး/အရင်း ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ခေတ်မီစံပြကျေးရွာ စီမံကိန်း (Smart Village)တွင်လည်း Web App တည်ထောင်ထားရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ရန် ဖန်တီးဆောင်ရွက်ပေးထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (Village Development Project) များတွင်လည်း ကျေးရွာအလိုက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Annual Village Investment Programme- AVIP)များအား Website တွင် ဖော်ပြထားရှိပြီး သတင်းအချက်အလက် ဖြန့်ဝေသည့်နည်းလမ်းကို အသုံးပြုလျက်ရှိပါသည်။ ဌာနဝန်ထမ်းများ၏ လစာငွေကိုလည်း Mobile Payment စနစ်ဖြင့် ထုတ်ပေးလျက်ရှိသည့်အပြင် ဌာနတွင်းရှိ ဝန်ထမ်းသက်သာဆိုင်များ၏ ရောင်းဝယ်ဖောက်ကားမှုကိုပါ Mobile Payment စနစ်ဖြင့် ရောင်းချဝယ်ယူနိုင်အောင် စီမံထားရှိပါသည်။

အတိုင်းအတာတစ်ခုအထိ Digital အခြေပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးဆီ ဦးတည်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ဆောင်ရွက်လျက်လည်း ရှိပါသည်။ Digital နည်းပညာသည် AI ၏ အခြေခံဖြစ်ပြီး AI သည် Digital နည်းပညာ၏ အဆင့်မြင့်လက်နက် (Tool)တစ်ခုဖြစ်သည်။ တိုးတက်ပြောင်းလဲလာသော ခေတ်ကိုအမီလိုက်နိုင်ရေး AI ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုလာနိုင်စေရန် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ချက်ချင်းလက်ငင်း ဝုန်းခနဲ ဒိုင်းခနဲ စတင်အကောင်အထည်ဖော်ရန် လွယ်ကူမည်တော့မဟုတ်။ ထို့ကြောင့် ငါးနှစ်စာ ရေ့ပြေးစီမံချက်ကို အဆိုပြုတင်ပြနိုင်ဖို့ AI ၏ အကူအညီဖြင့်ပင် အကြမ်းဖျင်းရေးဆွဲကြည့်ဖြစ်ပါသည်။

❖ **စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာ အခြေပြုစနစ် အသုံးပြုခြင်းဖြင့် ရာသီဥတု၊ မြေဆီလွှာအခြေအနေ၊ ရေလိုအပ်ချက်၊ သီးနှံရောဂါရှာဖွေရေးနှင့် သီးနှံအထွက်နှုန်းတို့ကို တိကျစွာခန့်မှန်းခြင်း၊ ရေနှင့်ဓာတ်မြေဩဇာ ချွေတာနိုင်ခြင်း၊ အထွက်နှုန်းမြှင့်တင်နိုင်ခြင်း၊ ရောဂါနှင့် ပိုးမွှားများကို စောစီးစွာသိရှိနိုင်ခြင်း၊ သီးနှံပျက်စီးမှုကို လျှော့ချနိုင်ခြင်းနှင့် ကုန်ကျစရိတ်သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်**

❖ **AI စနစ်အပေါ် မှီခိုမှု များပြားလာပါက လူသားတို့၏ တွေးခေါ်ကြံဆနိုင်မှု စွမ်းရည်ကျဆင်းလာနိုင်သဖြင့် အလွန်အမင်းမှီခိုမှုမပြုဘဲ အထောက်အကူပြုကိရိယာတစ်ခုအဖြစ်သာ အသုံးချသင့်ပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးတွင်မူ AI အသုံးချနည်းပညာကဏ္ဍ ဖွံ့ဖြိုးလာစေရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားသင့်**

**AI နည်းပညာအသုံးပြု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေးအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ (၂၀၂၅-၂၀၃၀)**

၂၀၂၅-၂၀၃၀ အစီအမံ၏ အဓိကရည်ရွယ်ရင်းမှာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် AI နည်းပညာပေါင်းစပ်အသုံးချနိုင်ရန်၊ ရှိပြီးသားရည်မှန်းချက်များကို ဒေတာအခြေပြုဆုံးဖြတ်မှု တိုးတက်အောင်လုပ်ရန်၊ ရေပေးရေး၊ မီး လင်းရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် AI စနစ်အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူတောင်သူများနှင့် MSME များအတွက် AI အခြေပြုကြိုတင်ခန့်မှန်းစနစ်များ အသုံးပြုရန်၊ ပညာရေးနှင့် နည်းပညာသင်တန်းကျောင်းများတွင် AI အသုံးပြုရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ကြိုတင်ခန့်မှန်းချက်များအတွက် AI အသုံးပြုရန်တို့ဖြစ်ပါသည်။

**အကောင်အထည်ဖော် ဆောင်ရွက်ရန်အဆင့်များ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အဆင့်များမှာ အချက်အလက်စုဆောင်းခြင်းနှင့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦ တည်ဆောက်ခြင်း၊ ကျေးလက်ဒေသတွင် AI စနစ် စတင်အသုံးပြုနိုင်ရေးအတွက် ကျေးရွာ၏လိုအပ်ချက်ဆန်းစစ်ခြင်း (စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်နယ်ပယ်များတွင် ရင်ဆိုင်နေရသောအဓိကပြဿနာများ၊ ကျေးရွာ၏အင်တာနက်အခြေအနေ၊ စမတ်ဖုန်းအသုံးပြုနိုင်မှုစသည့် နည်းပညာအခြေခံအဆောက်အအုံများ ရှိ/မရှိ)၊ ဒေသခံပြည်သူများကို AI အသုံးပြုမှု အခြေခံနည်းပညာသင်တန်းများပေးခြင်း (ရိုးရှင်းလွယ်ကူသော AIကိရိယာများ၊ ဥပမာ- AI ဘာသာပြန် ကိရိယာများ၊ ကျေးလက်ဒေသအတွက် ရာသီဥတုခန့်မှန်းချက်ပေးသော App များ စတင်အသုံးပြုစေခြင်း)၊ ကုန်ကျစရိတ်သက်သာပြီး ရိုးရှင်းသောနည်းပညာ (Low-tech & Low- cost)ကို ဦးစားပေးရွေးချယ်ရမည်ဖြစ်ခြင်း၊ ကျေးလက်နေပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် စုဖွဲ့ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရေးအသိုက်အဝန်း၊ သုတေသနအဖွဲ့အစည်းများ၊ NGOs များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ AI အသုံးချမှုများတိုးချဲ့ခြင်း၊ စောင့်ကြည့်စစ်ဆေး ပြန်လည်သုံးသပ်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေး စီမံဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

**အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်**

အဆင့်(၁)အနေဖြင့် (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် အချက်အလက်စုဆောင်းခြင်းနှင့် AI အကြောင်း အသိပညာပေးပြီး စမ်းသပ်ဆောင်ရွက်ခြင်း၊ အဆင့်(၂)အနေဖြင့် (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် AI အသုံးချမှုများ တိုးချဲ့ဆောင်ရွက်ခြင်း၊ အဆင့်(၃)အနေဖြင့် (၂၀၂၉-၂၀၃၀) ဘဏ္ဍာရေးနှစ်တွင် စိစစ်အကဲဖြတ်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် သုံးသပ်ပြင်ဆင်ဆောင်ရွက်ခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေပါမည်။

**မျှော်မှန်းရလဒ်များ**

မျှော်မှန်းရလဒ်များအနေဖြင့် ကျေးလက်အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ တိုးတက်လာမည်ဖြစ်ခြင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များထုတ်လုပ်နိုင်မှု မြင့်မားလာမည်ဖြစ်ခြင်း၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ လက်လှမ်းမီမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ တိုးမြှင့်ခံစားရရှိလာနိုင်မည်ဖြစ်ခြင်း၊ ကျေးလက်နှင့်မြို့ပြကွာဟမှုလျှော့ချပေးနိုင်မည်ဖြစ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ခြင်းတို့ မျှော်မှန်းထားပါသည်။

**တွေ့ကြုံရနိုင်သည့်စိန်ခေါ်မှုများ**

ဒစ်ဂျစ်တယ်ကွာဟချက်အဖြစ် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမှုနှင့် အင်တာနက် ရရှိအသုံးပြုနိုင်မှု၊ နည်းပညာပစ္စည်းများ လက်လှမ်းမီမှုတို့တွင် လိုအပ်ချက်ရှိနိုင်ခြင်း၊ AI စနစ်များ ထိရောက်စွာအလုပ်လုပ်နိုင်ရန် လုံလောက်သော အချက်အလက်များ လိုအပ်ချက်ရှိနိုင်ခြင်း၊ AI အသိပညာ (AI literacy)၊ AI နည်းပညာများကို နားလည်တတ်ကျွမ်းပြီး လက်တွေ့အသုံးချနိုင်သည့်အဆင့်သို့ ရောက်ရှိရန် လိုအပ်ချက်ရှိနိုင်ခြင်း၊ နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦများပါ ဖြည့်ဆည်းရနိုင်သဖြင့် ကုန်ကျစရိတ် မြင့်မားနိုင်ခြင်းစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်ပါသည်။

**ဖြေရှင်းမည့်နည်းလမ်း**

အထက်ဖော်ပြပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့်နည်းလမ်းများမှာ အင်တာနက်မလိုသော AI ကိရိယာများ (Offline AI Apps) အသုံးပြုခြင်း၊ ကျေးလက်နေပြည်သူများကိုယ်တိုင် AI အသိပညာ(AI literacy)နှင့် AI နည်းပညာများကို နားလည်တတ်ကျွမ်းပြီး လက်တွေ့အသုံးချနိုင်စေရန် သင်ကြားပေးခြင်း၊ AI ကိရိယာများကို ဒေသခံဘာသာစကားဖြင့် အသုံးပြုနိုင်စေရန် ပြင်ဆင်ခြင်း၊ ကျေးလက်ဒေသနှင့် လိုက်လျောညီထွေရှိမည့် ကုန်ကျစရိတ်သက်သာပြီး ရိုးရှင်းသော နည်းပညာများ ရွေးချယ်အသုံးပြုခြင်းတို့ပဲ ဖြစ်ပါသည်။

**သုံးသပ်အကြံပြုချက်များ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် AI ကို အသုံးချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ အရည်အသွေးမြင့်မားလာစေရန် ကျေးလက်ဒေသများ၏ လိုအပ်ချက်များကို နည်းပညာများဖြင့်ဖြေရှင်းပေးပြီး အမှီအခိုကင်းသော ခေတ်မီလူမှုအသိုက်အဝန်းတစ်ရပ် ဖော်ဆောင်ပေးခြင်းနှင့် ကျေးလက်ဒေသများ၏ ရေ၊ မြေ၊ လုပ်သားအင်အားစသည့်အရင်းအမြစ် နည်းပါးမှုတို့ကို နည်းပညာအသုံးပြု၍ ကောင်းစွာစီမံနိုင်ခြင်းတို့ကြောင့် AI သည် ကျေးလက်ဒေသများအတွက် ကြီးမားသော အခွင့်အလမ်း တစ်ရပ်ဖြစ်ပါကြောင်းနှင့် ကျေးလက်စီးပွားရေးကိုမြှင့်တင်နိုင်ရန် AI နည်းပညာကို အသုံးချဆောင်ရွက်သင့်ကြောင်း သုံးသပ်မိပါသည်။ သို့ရာတွင် AI နည်းပညာအသုံးချမည်ဆိုပါက အချက်အလက် စီမံကွပ်ကဲမှု(Data Governance)၊ ကျင့်ဝတ်ဆိုင်ရာ(Privacy & ethical)၊ AI Guideline များ စနစ်တကျချမှတ်ထားရှိရန် လွန်စွာအရေးကြီးပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးတွင် AI နည်းပညာကို အောင်မြင်စွာ အသုံးချနိုင်ရန် အဓိကအချက်သုံးချက်မှာ-

(၁) **ကျေးလက်နေပြည်သူကို ဗဟိုပြုသည့် ချဉ်းကပ်ခြင်း**။ ဒေသခံများ၏ ပါဝင်ဆွေးနွေးမှုနှင့် ၎င်းတို့၏လိုအပ်ချက်များကို နားထောင်၍ ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရေးအတွက် အထောက်အကူပြုစေမည့် AI နည်းပညာများကို အသုံးချရန်၊

(၂) **ရေရှည်တည်တံ့သော စီမံကိန်းဒီဇိုင်းဖြစ်ရန် လိုအပ်ခြင်း**။ စတင်အကောင်အထည်ဖော်သည့်အဆင့်တွင်သာမက ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မည့် ရင်းနှီးမြှုပ်နှံမှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ကြိုတင်စဉ်းစားထားရှိရန်၊

(၃) **သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**။ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရေးအဖွဲ့အစည်းများနှင့် ကျေးရွာသူကျေးရွာသားများအားလုံးပါဝင်သော Cross Functional AI Council (ကဏ္ဍစုံ AI ကော်မတီ)ကို ဖွဲ့စည်း၍ ညှိနှိုင်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါသည်။

**သတိပြုရှောင်ကြဉ်ရန်အချက်များ**

AI နည်းပညာကို အသုံးပြုကြရာတွင် သတိပြုရှောင်ကြဉ်ရမည့်အချက်များမှာ AI နည်းပညာသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းအားကောင်းသောကိရိယာတစ်ခုဖြစ်သော်လည်း ယင်းကို သတိရှိရှိ၊ စနစ်တကျ၊ ကျင့်ဝတ်နှင့်အညီ အသုံးချရန် အထူးအရေးကြီးပါသည်။ အချက်အလက်များ ဖြည့်သွင်းရာတွင် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ၊ ဒေသခံများ၏ ကိုယ်ရေးအချက်အလက်များ မပါရှိစေရေး သတိပြုကာကွယ်ရန်၊ အချက်အလက် စုဆောင်းမှုနှင့် အသုံးချမှုအပိုင်းတွင် လုံခြုံရေးသတိအမြဲရှိရန် လိုအပ်ပြီး AI စနစ်များသည် မှားယွင်းသော/ အန္တရာယ်ရှိသော အကြံပြုချက်များ ပေးနိုင်သဖြင့် ဖြစ်တန်စွမ်းအားကို ဉာဏ်ဖြင့်ယှဉ်၍စဉ်းစားသုံးသပ်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

AI စနစ်အပေါ် မှီခိုမှု များပြားလာပါက လူသားတို့၏ တွေးခေါ်ကြံဆနိုင်မှု စွမ်းရည်ကျဆင်းလာနိုင်သဖြင့် အလွန်အမင်းမှီခိုမှုမပြုဘဲ အထောက်အကူပြုကိရိယာတစ်ခုအဖြစ်သာ အသုံးချသင့်ပြီး ကျေးလက်ဒေသများဖွံ့ဖြိုးရေးတွင်မူ AI အသုံးချနည်းပညာကဏ္ဍဖွံ့ဖြိုးလာစေရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

# နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေက အဓိကနေရာတစ်ခုက ပါဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မငြိမ်းချမ်းမှုဖြစ်စဉ်တွေမှာ လူငယ်တွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ လူငယ်တွေဟာ နိုင်ငံအတွက် မှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်တတ်ဖို့ လိုအပ်ပါတယ်။

**မအလိမ္မာစုဇော်** (Naypyitaw State Polytechnic University **လူငယ်ကိုယ်စားလှယ်**)


မောင်ဝေယံစိုး


မနိုဖူးသေး


မောင်မောင်လတ်


မအလိမ္မာစုဇော်


မောင်ညီလင်းထက်


ဗိုလ်မှူးကြီး ဝဏ္ဏအောင်

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ငြိမ်းချမ်းရေးသည် မဖြစ်မနေ လိုအပ်သည့်အရာဖြစ်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံကျော်၊ ခန့်မှန်းအားဖြင့် ၁၈ ဒသမ ၃ သန်းကျော်ရှိသည့် လူငယ်လူ့စွမ်းအားအရင်းအမြစ်ကို မေ့ထား၍ မရပေ။ နိုင်ငံ့အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ရမည်မှာလည်း လူငယ်များပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍစုံတွင် လူငယ်များ၏ သဘောထား၊ ဆန္ဒများဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးကို အလေးထားဖော်ဆောင်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူငယ်များ၏ သဘောထား၊ ဆန္ဒများစွာထင်ဟပ်စေမည့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ကို နေပြည်တော်၌ သုံးရက်တာကျင်းပလျက်ရှိရာ နိုင်ငံတစ်ဝန်းမှ ပါဝင်တက်ရောက်ကြသည့် လူငယ်တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**မောင်ဝေယံစိုး**
**မွန်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်**

ငြိမ်းချမ်းရေးနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ လူငယ်တွေက အခန်းကဏ္ဍတစ်ခုကနေ ပါဝင်ဆောင်ရွက်ရင်း မတူညီတဲ့၊ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ ကွဲပြားမှုတွေကို လျော့ကျသွားအောင် ကြိုးပမ်းပေးရမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးရမှ ဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍတွေ ဖွံ့ဖြိုးအောင် လုပ်ဆောင်လို့ရမှာဖြစ်ပါတယ်။ ဒါကို အားလုံးက လက်ခံကြပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် လက်တွေ့မြေပြင်မှာ လူငယ်တွေပါဝင်ရင်း ရှေ့ဆက်သွားနိုင်မယ့် ခြေလှမ်းတွေလိုနေတာပါ။ ဒီနေ့လို နိုင်ငံတော်က ငြိမ်းချမ်းရေးပွဲတွေ ဆောင်ရွက်ပေးတာဟာ ကျွန်တော်တို့ လူငယ်တွေအတွက် မျှော်လင့်ချက်တွေ အများကြီးရှိလာစေပါတယ်။ အခုလိုပွဲတွေ စီစဉ်ကျင်းပပေးတာ အင်မတန်ကောင်းမွန်ပါတယ်။ ရှေ့ဆက်သွားနိုင်မှ ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်မှာပါ။ ဒါကြောင့် လူငယ်တစ်ဦးအနေနဲ့ နိုင်ငံအတွက် ရှေ့ဆက်မယ့် ခြေလှမ်းတိုင်းမှာ ပါဝင်နိုင်ဖို့ ဆောင်ရွက်သွားမှာပါ။ ဖိုရမ်တက်ရောက်ပြီး ကိုယ့်ပြည်နယ်ပြန်ရောက်တဲ့အခါမှာလည်း ဆွေးနွေးပွဲကနေ ရရှိလာမယ့် အတွေ့အကြုံတွေ၊ အမြင်သဘောထားတွေကို ပြန်လည်ဝေမျှသွားမှာ ဖြစ်ပါတယ်။

**မနိုဖူးသေး**
**စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် လူငယ်ကိုယ်စားလှယ်**

ရန်ကုန်မှာ ကျင်းပခဲ့တဲ့ လူငယ်နဲ့ ငြိမ်းချမ်းဖိုရမ်မှာလည်း တက်ရောက်ခွင့် ရခဲ့ပြီးတော့ အခုက ဒုတိယအကြိမ် ထပ်မံပါဝင်တက်ရောက်ခွင့်ရတာဖြစ်ပါတယ်။ ဒီလို တက်ရောက်ခွင့်ရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွေမှာ လူငယ်တွေက အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲတွေက ဒီလိုဖိုရမ်ကနေ လူငယ်တွေကို သိရှိစေတယ်လို့ မြင်ပါတယ်။ လူငယ်တွေအနေနဲ့လည်း နိုင်ငံတော်တိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးကြဖို့ ဆန္ဒရှိကြတယ်လို့ ထင်ပါတယ်။ ပြီးတော့ နိုင်ငံတော်အဆင့် ကျင်းပတဲ့ပွဲတွေမှာ လူငယ်တွေအနေနဲ့ လူကြီးတွေရဲ့ လုပ်ဆောင်မှုတွေကို တွေ့မြင်ရတယ်၊ အတုယူရပါတယ်။ နိုင်ငံအတွက် တကယ်အလုပ်လုပ်ကြတဲ့အခါ လူကြီးတွေရဲ့ လမ်းပြမှုနဲ့ အတွေ့အကြုံတွေလည်း လိုပါတယ်။ ဒီလို လမ်းပြမှုတွေနဲ့အတူ လူငယ်တွေရဲ့ အင်အားနဲ့ ရှေ့ဆက်ကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံတိုးတက်မယ်ဆိုတာ အသေအချာပါပဲ။

**မောင်မောင်လတ်**
**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**
**လူငယ်ကိုယ်စားလှယ်**

ငြိမ်းချမ်းရေးက နိုင်ငံအတွက် အင်မတန်အရေးကြီးပါတယ်။ ဒီလို အရေးကြီးတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ လူငယ်တွေအနေနဲ့ များများ ပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။ လူငယ်တစ်ဦးအနေနဲ့ ခံယူမိတာက နိုင်ငံအတွက် အားလုံးတိုးတက်စေချင်တဲ့ စေတနာရှိကြတယ်။ ဒါကြောင့် မတူတာတွေအတွက် ငြင်းခုံနေမယ့်အစား တူညီတာတွေနဲ့ ရှေ့ဆက်နိုင်ဖို့ ကြိုးစားကြရမယ်လို့ ထင်ပါတယ်။ ဒါကြောင့် လူငယ်တစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံအတွက် အကျိုးပြုနိုင်တာတွေကို တတ်စွမ်းသမျှ ပါဝင်ကြိုးစားပေးသွားမှာပါ။ ဖိုရမ်မှာ ငြိမ်းချမ်းရေးနဲ့ ဆက်စပ်ပြီး နည်းပညာဆိုင်ရာ အကြောင်းအရာတွေကို ဆွေးနွေးကြမယ်လို့ သိရပါတယ်။ ငြိမ်းချမ်းရေးနဲ့ လူမှုပတ်ဝန်းကျင်အသိုက်အဝန်းမှာ AI နဲ့ Cyber Security နဲ့ ပတ်သက်ပြီး ပါဝင်ဆွေးနွေးသွားမှာဖြစ်တယ်။

**မအလိမ္မာစုဇော်**
**Naypyitaw State Polytechnic University**
**လူငယ်ကိုယ်စားလှယ်**

နိုင်ငံတော်အဆင့် ကျင်းပတဲ့ဖိုရမ်ဖြစ်တဲ့အတွက် လူငယ်တွေအတွက် ပညာတွေ၊ လေ့လာစရာတွေ များစွာရရှိစေမယ်လို့ ထင်ပါတယ်။ နိုင်ငံအတွက် လက်ရှိမှာ နိုင်ငံတော်အကြီးအကဲတွေက ဘာတွေဆောင်ရွက်နေသလဲဆိုတာကို လူငယ်တွေက မျက်စိဖွင့်၊ နားစွင့်ရမယ်လို့ ထင်ပါတယ်။ ပြီးတော့ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ လူငယ်တွေ ပိုမိုပါဝင်လာအောင် နှိုးဆော်ပေးဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေက အဓိကနေရာတစ်ခုက ပါဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မငြိမ်းချမ်းမှုဖြစ်စဉ်တွေမှာ လူငယ်တွေလည်း ပါဝင်နေတာ ဖြစ်ပါတယ်။ လူငယ်တွေဟာ နိုင်ငံအတွက် မှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်တတ်ဖို့ လိုအပ်ပါတယ်။ ဒီဖိုရမ်တွေကတစ်ဆင့် လူငယ်တွေဟာ အချင်းချင်းနားလည်မှု၊ ယုံကြည်မှုတွေ ဝေမျှခံစားပြီး ခံယူချက်မှန်မှန်ကန်ကန်နဲ့ နိုင်ငံ့တာဝန်တွေကို ပါဝင်ထမ်းဆောင်ပေးကြမယ်ဆိုရင် မကြာခင်မှာ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမှာ သေချာပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ အခုလို နိုင်ငံတော်အဆင့်ဖိုရမ်မှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် နိုင်ငံအတွက် အကျိုးပြုချင်တဲ့စိတ်၊ တာဝန်ထမ်းဆောင်ချင်တဲ့စိတ်တွေ ခံစားဖြစ်ပေါ်ပါတယ်။ ဒါကြောင့် လူငယ်တွေအတွက် နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးဖလှယ်မှုတွေ ပါဝင်တဲ့ ဒီလိုဖိုရမ်တွေကို များများကျင်းပပေးဖို့ ဆန္ဒပြုပါတယ်။

**မောင်ညီလင်းထက်**
**သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်-နေပြည်တော်**
**လူငယ်ကိုယ်စားလှယ်**

နိုင်ငံအတွက် လူငယ်တွေဟာ အရင်းအမြစ်တစ်ခုပါ။ နိုင်ငံအတွက် အရင်းအမြစ်ဖြစ်တဲ့ လူငယ်တွေရဲ့အားနဲ့ တည်ဆောက်နိုင်ဖို့ ကြိုးစားသွားကြရမှာပါ။ ကျွန်တော်ကိုယ်တိုင် ဒီနိုင်ငံရဲ့ လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်သင့်တယ်လို့ ခံယူပြီး ဒီဖိုရမ်ကို တက်ရောက်တာ ဖြစ်ပါတယ်။ ကျွန်တော်က သစ်တောနဲ့ ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်က ကျောင်းသားတစ်ယောက်ဖြစ်တဲ့အတွက် ဖိုရမ်မှာ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်တွေကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလို လူငယ်တွေအတွက် နိုင်ငံတော်အဆင့် ဖိုရမ်ကျင်းပပြီး လူငယ်တွေအသံကို ဖော်ထုတ်ပေးလို့ ကျေးဇူးတင်ပါတယ်။ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာပါတယ်။ ဒီလိုဖိုရမ်တွေကနေတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်တွေစုဆုံခွင့်ရရှိပြီးတော့ အချင်းချင်း အသိပညာ ဗဟုသုတတွေ ဖလှယ်ခွင့်ရတယ်။ လူငယ်တွေအတွက် အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံသစ်တွေရပါတယ်။ ဒါကြောင့် လူငယ်တွေနဲ့ဆိုင်တဲ့ ဖိုရမ်တွေ များများကျင်းပပေးဖို့ မျှော်လင့်ပါတယ်။

**မောင်လင်းထက်**
**Naypyitaw State Polytechnic University**
**လူငယ်ကိုယ်စားလှယ်**

နိုင်ငံတော်ကနေ အခုလိုမျိုး လူငယ်တွေကို ဦးစားပေးပြီး ဖိုရမ်ကျင်းပပေးတဲ့အခါ နယ်မြေမတူ၊ ဒေသမတူတဲ့ တစ်နိုင်ငံလုံးက တိုင်းရင်းသားညီအစ်ကိုတွေနဲ့ တစ်စုတစ်စည်းတည်း ဆုံတွေ့ခွင့်ရတဲ့အပေါ် အင်မတန်ဝမ်းသာမိပါတယ်။ ကျွန်တော်က မြို့ပြအင်ဂျင်နီယာဘာသာရပ်တွေကို လက်ရှိ သင်ကြားသင်ယူနေတာဖြစ်တဲ့အတွက် ဘာသာရပ်တွေ သင်ကြားသင်ယူလို့ပြီးဆုံးတဲ့အခါ အခြေခံအဆောက်အအုံတွေကို တည်ဆောက်တဲ့ အင်ဂျင်နီယာတစ်ဦးအနေနဲ့ နိုင်ငံဖွံ့ဖြိုးရေးမှာ ပါဝင်လုပ်ဆောင်သွားချင်တယ်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုတဲ့အတိုင်း အနာဂတ်နိုင်ငံကို တည်ဆောက်ကြရာမှာ လူငယ်တွေက ကဏ္ဍစုံမှာ ပါဝင်ကြရမှာပါ။

ဒါကြောင့် နိုင်ငံတစ်ဝန်းလုံးက လူငယ်တွေအနေနဲ့ အခုကတည်းက စည်းစည်းလုံးလုံး ခင်ခင်မင်မင်ရှိနေကြဖို့ အရေးကြီးပါတယ်။ လူငယ်တွေကို ဦးစားပေးပြီး လူငယ်နဲ့ ငြိမ်းချမ်းရေးဖိုရမ်ကို နိုင်ငံတော်က ခမ်းခမ်းနားနား ကျင်းပပေးတယ်။ ကျွန်တော်တို့ လူငယ်တွေရဲ့ အသိအမြင်တွေကို ထုတ်ဖော်ခွင့်ပေးတယ်။ ဒီကနေ ကျွန်တော်တို့ လူငယ်တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အင်နဲ့အားနဲ့ ဆောင်ရွက်ခွင့်ရရှိမယ်လို့ ထင်မြင်မိပါတယ်။

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ဆွေးနွေးပွဲမှာ သီးခြားရွေးချယ်ထားတဲ့ ဝန်ကြီးဌာနတွေက ကိုယ်စားလှယ်တွေနဲ့ နယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အလွှာအသီးသီးက လူငယ်ကိုယ်စားလှယ်တွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေက စေတနာ့ဝန်ထမ်းလူငယ်တွေ၊ ပရဟိတအသင်းအဖွဲ့တွေနဲ့ NGO လူငယ်ကွန်ရက်အဖွဲ့တွေက လူငယ်တွေ၊ တိုင်းရင်းသားယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးက လူငယ်ကိုယ်စားလှယ်တွေ၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက လူငယ်ကိုယ်စားလှယ်တွေ၊ JMC က လူငယ်ကိုယ်စားလှယ်တွေ၊ နယ်စပ်ဒေသတွေက တိုင်းရင်းသားလူငယ်တွေနဲ့ စာပေနဲ့ ဂီတအနုပညာရှင် လူငယ်ကိုယ်စားလှယ်တွေ တက်ရောက်ကြပါတယ်။

ဖိုရမ်မှာ လူငယ်တွေက "ငြိမ်းချမ်းရေးအသိပညာများ၊ အတွေ့အကြုံများ လက်ဆင့်ကမ်းခြင်း"၊ "လက်နက်ကိုင်ပဋိပက္ခရပ်တန့်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေး"၊ "လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာမြှင့်တင်ခြင်းနဲ့ အားကစား အစီအစဉ်များ"၊ "စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနဲ့ နည်းပညာအခြေပြု စီးပွားရေးဆိုင်ရာများ"၊ "မူးယစ်ဆေးဝါးတိုက်ဖျက်ရေး"၊ "လူငယ်နဲ့ နည်းပညာ သက်ရောက်မှုများ" စတာတွေကို ဆွေးနွေးကြမယ်။ ဆွေးနွေးပွဲတွေအပြင် လျှပ်တစ်ပြက်ပြိုင်ပွဲတွေနဲ့ ဆုချီးမြှင့်ခြင်းတွေ၊ လူငယ်ထုအတွက် လျှပ်တစ်ပြက်စစ်တမ်း၊ ဆန္ဒကောက်ယူခြင်းတွေ ဒါတွေကိုလည်း ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၃ သို့*

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀၃ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား ၅၉ ဦး၊ ယူဂန်ဒါနိုင်ငံသား ၂၀၊ နိုင်ဂျီးရီးယားနိုင်ငံသား ၁၃ ဦး၊ ကင်မရွန်းနိုင်ငံသား သုံးဦး၊ ဂါနာနိုင်ငံသား သုံးဦး၊ ဆီရီရာလီယွန်နိုင်ငံသားနှစ်ဦး၊ လိုင်ဘေးရီးယားနိုင်ငံသားတစ်ဦး၊ မာလာဝီနိုင်ငံသား တစ်ဦးနှင့် ဘူရွန်ဒီနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၀၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ ယူဂန်ဒါနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ကင်မရွန်းနိုင်ငံ၊ ဂါနာနိုင်ငံ၊ ဆီရီရာလီယွန်နိုင်ငံ၊ လိုင်ဘေးရီးယားနိုင်ငံ၊ မာလာဝီနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၃၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၁၀၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့မှ အမျိုးသားတစ်ဦး၊ ကော့ကရိတ်မြို့နယ် ကျွန်းကလေးကျေးရွာမှ အမျိုးသားနှစ်ဦး၊ ကော့ကရိတ်မြို့နယ် နို့ပေါ်ဟဲကျေးရွာမှ အမျိုးသားနှစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေမျိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ၉ မမ ပစ္စတိုတစ်လက်၊ M-16 သေနတ်တစ်လက်၊ ပွိုင့်(၃၀)ကာဘိုင်တစ်လက်၊ ၄၀ မမ ဗုံးပစ်လောင်ချာ (လက်လုပ်) တစ်လက်၊ လက်လုပ်စနိုက်ပါတစ်လက်၊ လက်ပစ်ဗုံး ရှစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် တစ်လက်ကို ဆုကြေးငွေသိန်း ၅၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်လုပ်သေနတ် တစ်လက်ကို ဆုကြေးငွေ ငါးသိန်းနှုန်းဖြင့် သေနတ်နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်းတစ်လုံးစီကို ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း ရှစ်လုံးအတွက် ငွေကျပ် ၂၄ သိန်း စုစုပေါင်းငွေကျပ် ၁၅၄ သိန်းကျပ်နှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

ဖိုရမ်ကနေ လူငယ်တွေရဲ့ အမြင်သဘောထား၊ အကြံပြုချက်တွေ၊ ဘက်ပေါင်းစုံက ချဉ်းကပ်နိုင်မယ့်အခြေအနေတွေကို သိရှိပြီး လူငယ်တွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းအားတွေကို အကောင်းဆုံးသောပုံစံတွေနဲ့ နိုင်ငံရဲ့ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်တွေမှာ ပေါင်းစပ်ထည့်သွင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - အောင်ပြည့်စုံ**



မောင်လင်းထက်

## ပြည်ထောင်စုကြီး တိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့

## အခြေခံပညာကျောင်းများရှိ KG တန်းကျောင်းသား ကျောင်းသူများအား နေ့လယ်စာအာဟာရကျွေးမွေး

**တံတားဦး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ KG တန်းမှ ကျောင်းသား ကျောင်းသူများအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမအကြိမ် ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေးရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက KGတန်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းနေ့လယ်စာ ကျွေးမွေးခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မေဃဝန်အခြေခံပညာမူလတန်းကျောင်း KG တန်းမှ ကျောင်းသား ကျောင်းသူ ၁၇ ဦးအား သွားတိုက်ဆေး၊ သွားတိုက်တံများ အခမဲ့ထောက်ပံ့ပေးကြသည်။ **(အပေါ်ယာပုံ)**



၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမအကြိမ် ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးခြင်းကို တံတားဦးမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းရှိ KG တန်းကျောင်းသား ကျောင်းသူ ၂၁၀၁ ဦးအား ကျွေးမွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဂါဇာဒေသ၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီးနောက် သေဆုံးသည့်ကလေးငယ် ၁၀၀ ကျော်ရှိဟုဆို



**ဂါဇာ ဇန်နဝါရီ ၁၃**

၂၀၂၅ ခုနှစ် အောက်တိုဘာလက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စတင်အသက်ဝင်ပြီးနောက် ဂါဇာကမ်းမြောင်တွင် သေဆုံးသည့် ကလေးသူငယ်ပေါင်း ၁၀၀ ကျော်ရှိကြောင်း ဇန်နဝါရီ ၁၃ ရက်က ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီးနောက် ဂါဇာကမ်းမြောင်၌ ယောကျ်ားလေး ၆၀ နှင့် မိန်းကလေး ၄၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း ဂါဇာဒေသမှ ဗီဒီယိုချိတ်ဆက်မှုမှတစ်ဆင့် ပြုလုပ်သည့် ကုလသမဂ္ဂသတင်းစာရှင်းလင်းပွဲတွင် ဂျိမ်းစ်အယ်ဒါက သတင်းထောက်များကို ပြောသည်။

အသက်ဘေးမှလွတ်ပြီဟု အာမခံချက်အပြည့်အဝ မရရှိသေးကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ဗုံးကြဲမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများမှာ လျော့နည်းသွားသော်လည်း လုံးဝရပ်တန့်သွားခြင်း မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကိန်းဂဏန်းများမှာ ခိုင်လုံသော အထောက်အထားများနှင့် အသေးစိတ်အချက်အလက်များ ရရှိထားသည့်ဖြစ်စဉ်များကိုသာ ထည့်တွက်ထားခြင်းဖြစ်ပြီး အမှန်တကယ် အရေအတွက်မှာ ယင်းပမာဏထက် ပိုမိုများပြားနိုင်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် ကလေးသူငယ်အရေအတွက်မှာလည်း ရာနှင့်ချီရှိကြောင်း အယ်ဒါက ပြောသည်။

ဆင်ဟွာ

# ပြင်သစ်၌ စေတနာအလျောက် စစ်မှုထမ်းရန် လူငယ်များကို ခေါ်ယူ

**ပါရီ ဇန်နဝါရီ ၁၃**

ပြင်သစ်နိုင်ငံတွင် စေတနာအလျောက် စစ်မှုထမ်းရန် လူငယ်များကို ခေါ်ယူစုဆောင်းသည့် စည်းရုံး လှုံ့ဆော်မှုတစ်ခုကို ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

အထူးသဖြင့် အသက် ၁၈ နှစ်နှင့် ၁၉ နှစ်အရွယ်ရှိ လူငယ်နိုင်ငံသားများကို ဦးတည်ချက်ထားသည့် အဆိုပါအစီအစဉ်ကို ယခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံသည် အမျိုးသားကာကွယ်ရေး စွမ်းပကားကို မြှင့်တင်ရန် ဆန္ဒပြင်းပြလျက်ရှိသည်။

ပြင်သစ်ကာကွယ်ရေးဝန်ကြီး ကက်သရင်းဗော်ထရင်းက ပြင်သစ်လူငယ်များသည် တာဝန်ထမ်းဆောင်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

လူငယ် မျိုးဆက်သစ်များသည် နိုင်ငံအတွက် မားမားမတ်မတ်ရပ်တည်ရန် အဆင်သင့်ဖြစ်နေကြောင်းနှင့် ပြင်သစ်တပ်မတော်သည် အဆိုပါဆန္ဒအတွက် သဘာဝစွမ်းရည်ကို ပြသရန် ထွက်ပေါက်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



စစ်မှုထမ်း လူငယ်များကို အခြားနိုင်ငံများသို့ တပ်ဖြန့်ချထားမည်မဟုတ်ဘဲ ဒေသတွင်းနှင့် ရေမြေခြား ပြင်သစ်ပိုင်နက်နယ်မြေများပေါ်တွင် ၁၀ လတာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို စစ်မှုထမ်းလူငယ် ၃၀၀၀ ဖြင့် ယခုနှစ်တွင် စတင်မည်ဖြစ်သည်။ ၂၀၃၅ ခုနှစ်မတိုင်မီ စစ်မှုထမ်းလူငယ် ၄၀၀၀၀ အထိ တဖြည်းဖြည်းချင်း တိုးတက်မှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အခြားဥရောပနိုင်ငံများ သည်လည်း ၎င်းတို့၏ ကာကွယ်ရေး စွမ်းရည်ကို တိုးမြှင့်လျက်ရှိသည်။

ဆန္ဒအလျောက် စစ်မှုထမ်းခြင်း မပြုလုပ်လိုပါက မသင်မနေရ စစ်မှုထမ်းခြင်းအား ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ဥပဒေများကို မကြာသေးမီကမှ အသက်ဝင်စေမည့် ဥပဒေတစ်ရပ်ကို ဂျာမနီက စတင်ခဲ့သည်။ အလားတူ ခရိုအေးရှားသည် ယခုနှစ်အတွင်း မဖြစ်မနေ စစ်မှုထမ်းရန် ဆုံးဖြတ်ခဲ့သည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၆ ခုနှစ်မှစတင်ကာ ဒီဇယ်တင်သွင်းမှုများ ရပ်ဆိုင်းတော့မည်

**ဂျကာတာ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းရေနံချက်စက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်းကို တိုးချဲ့လိုက်ပြီးနောက် ၂၀၂၆ ခုနှစ်မှစတင်ကာ ပုဂ္ဂလိကဓာတ်ဆီဆိုင်များအတွက် ဒီဇယ်တင်သွင်းမှုများကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှားစွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဆိုင်ရာ ဝန်ကြီး ဘာလီလ်လာဟာဒါလီယာက ပြောသည်။

ယခုနှစ်မှစတင်ကာ ဒီဇယ်တင်သွင်းခွင့်ပါမစ်များကို ခွင့်ပြုပေးမည်မဟုတ်တော့ကြောင်း၊ ဒီဇယ်တင်သွင်းမှု ရပ်ဆိုင်းခြင်းမှာ ပုဂ္ဂလိကဓာတ်ဆီဆိုင်များအတွက်လည်း အကျုံးဝင်ကြောင်း၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလကြားတွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာမည့် ဒီဇယ်များမှာ ယမန်နှစ်က ခွင့်ပြုပေးထားပြီး ကျန်ရှိနေသော သွင်းကုန်တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဘာလီလ်က ပြောသည်။

သို့သော်လည်း ယခုနှစ်တွင် သမ္မတ ပရာဘိုဝိုဆူဘရီယန်တို၏ ညွှန်ကြားချက်အရ ရေနံချက်စက်ရုံများရှိပြီးဖြစ်သည့်အတွက် စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာနအနေဖြင့် တင်သွင်းခွင့်ပါမစ်များကို ဆက်လက်ထုတ်ပေးသွားမည် မဟုတ်တော့ကြောင်း ဘာလီလ်က ဆက်လက်ပြောကြားသည်။ အဆိုပါ ရေနံချက်စက်ရုံမှာ အရှေ့ကာလီမန်တန်ပြည်နယ် ဘာလီခ်ပါပန်မြို့တွင်ရှိသည့် Refinery Unit V ရေနံချက်စက်ရုံပင်မ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ညွှန်းဆိုခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းသည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၃၆၀၀၀၀ အထိ ချက်လုပ်နိုင်မည်ဖြစ်ပြီး ယင်းပမာဏမှာ တစ်နိုင်ငံလုံးစက်သုံးဆီလိုအပ်ချက်၏ ၂၂-၂၅ ရာခိုင်နှုန်းခန့်နှင့် ညီမျှမှုရှိကြောင်း သိရသည်။

ဆင်ဟွာ

# သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ရေလွှမ်းမိုးမှု အရေးပေါ်သတိပေးချက်ထုတ်ပြန်

**ဆစ်ဒနီ ဇန်နဝါရီ ၁၃**

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းဟောင်းကိုဂျီကြောင့် နေရာအနှံ့ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေသောသဖြင့် သြစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ်တစ်ခုဖြစ်သည့် ကွင်းစလန်းပြည်နယ်တစ်ဝန်းတွင် ရေကြီးသတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

သီတင်း တစ်ပတ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်သည် တစ်နှစ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်ထက် များနေသောကြောင့် ဒေသစံတော်ချိန် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းမှစကာ မိုးလေဝသဗျူရိုက မြစ်ချောင်းအနီးနေရာများနှင့် ကွင်းစလန်းပြည်နယ် အလယ်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းနေရာများတွင် ရေကြီးသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

မြို့တော် ဘရစ်ဘိန်း၏ အနောက်မြောက်ပိုင်း ကီလိုမီတာ ၇၅၀ အကွာခန့်ရှိ ကလာမောင့်မြို့လေး၏ မြေနိမ့်ပိုင်းနေရာများတွင် နေထိုင်သော ဒေသခံများကို ကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထားသည်။

လူ ၃၀၀၀ ခန့်ရှိမြို့လေးတွင် ရေကြီးမှုကြောင့် လူ ၃၀၀ ကျော်ခန့် လျှပ်စစ်မီးမရရှိဘဲ နေထိုင်နေကြရသည်။

လူသုံးဦးကို ညတွင်းချင်း ကယ်တင်ခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်တွင် ရေစီးနှင့် မျောပါလာသည့် အမျိုးသားနှစ်ဦးကိုလည်း ကယ်ဆယ်ရေးလှေဖြင့် ကယ်ဆယ်ခဲ့ရပြီး အခြားတစ်ဦးကိုလည်း နာရီအနည်းငယ်ကြာပြီးနောက် ကားခေါင်းမိုးပေါ်မှ ကယ်တင်ခဲ့ရသည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဟောင်းကိုဂျီသည် ကွင်းစလန်းပြည်နယ် အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းသို့ ဇန်နဝါရီ ၁၁ ရက်က ဝင်ရောက်ခဲ့ပြီး မိုးသက်မုန်တိုင်းများကျရောက်ခဲ့သည်။ ယခုအခါတွင် အဆိုပါမုန်တိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားပြီဖြစ်သည်။

ကွင်းစလန်း ဝန်ကြီးချုပ် ဒေးဗစ် ခရိုင်ဆာဖူလီက ဇန်နဝါရီလ အစောပိုင်းတွင် သိသိသာသာ မိုးရွာသွန်းပြီးသော ကွင်းစလန်း အနောက်ပိုင်းရှိ နေထိုင်သူများအနေဖြင့် မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနိုင်သဖြင့် သတိပြုနေထိုင်ကြရန် ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဘူလ်ဂေးရီးယားနိုင်ငံ၌ တုပ်ကွေးနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်ပျံ့နှံ့မှု မြင့်တက်လာ

**ဆိုဖီယာ ဇန်နဝါရီ ၁၃**

ဘူလ်ဂေးရီးယားကျန်းမာရေးဝန်ကြီးဌာနသည် တုပ်ကွေးရောဂါနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ပျံ့နှံ့လာခြင်းများကြောင့် နိုင်ငံ၏ တတိယလူဦးရေအထူထပ်ဆုံး ဗာနာခရိုင်သည် ယာယီကပ်ရောဂါ တိုက်ဖျက်ရေးအစီအမံများ ချမှတ်သည့် ပထမဆုံးခရိုင်ဖြစ်လာကြောင်း ဇန်နဝါရီ ၁၂ ရက်က ထုတ်ပြန်ကြေညာထားသည်။

ရောဂါကူးစက်မှုနှုန်းသည် လူအယောက် ၁၀၀၀၀ တွင် ၂၃၉ ဒသမ ၃၈ ဦးအထိ မြင့်တက်လာသောကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ကြောင့် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ စာသင်ကျောင်းအားလုံးတွင် ကိုယ်တိုင်သင်ယူမှုလုပ်ငန်းစဉ်များကို ရပ်ဆိုင်းခြင်းအပြင် စာသင်ကျောင်းများမှ စီစဉ်သော အဖွဲ့လိုက်လှုပ်ရှားမှုများ လုပ်ဆောင်ခြင်းကဲ့သို့ ယာယီကပ်ရောဂါ တိုက်ဖျက်ရေးအစီအမံများကို ဗာနာခရိုင်တွင် စတင်လိုက်ခြင်း ဖြစ်သည်။

တုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ မြင့်တက်လာချိန်တွင် သယ်ယူပို့ဆောင်ရေးဌာနများ၊ ဆေးဘက်ဆိုင်ရာဌာနများနှင့် ဈေးဆိုင်များအပါအဝင် အများပြည်သူဆိုင်ရာ နေရာများတွင် ပါးစပ်နှာခေါင်းစည်းများ ဝတ်ဆင်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများကို တိုက်တွန်းထားသည်။

ဆင်ဟွာ

# မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အလုံမြို့နယ် ရန်ကုန်ဆိပ်ကမ်း Asia World Port Terminal ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E.Mrs. Prabashini Ponnamperuma ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက သင်္ဘောတင်ပို့မည့် အစီအစဉ်နှင့် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်းမည့် စာရွက်စာတမ်းများကိုပေးအပ်ရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) သယ်ယူပို့ဆောင်မည့် ကွန်တိန်နာများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၉ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းအဆင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ လယ်ယာကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆည်တာတမံနှင့် ရေတင်လုပ်ငန်းများကြံ့ခိုင်ရေး၊ ဆည်ရေသောက်စနစ်များမှ နွေစပါးနှင့် နွေအခြားသီးနှံများ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန သက်ဆိုင်ရာတာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ရေလှောင်တမံ ၁၈ ခုနှင့် ရေတင်လုပ်ငန်း ၁၀ ခုရှိပြီး ရေလှောင်တမံများ၏ ရေသိုလှောင်ထားရှိမှု၊ ရေသောက်စနစ်နှင့် ရေတင်လုပ်ငန်းများမှ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှု၊ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းအနေဖြင့် နွေစပါး ၂၀၃၅၁၉ ဧကနှင့် နွေအခြားသီးနှံ ၂၇၈၇၈ ဧက စုစုပေါင်း ၂၃၁၃၉၇ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် သုံးဆယ်ဆည်ရေသောက်စနစ်မှ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေမှုအခြေအနေနှင့် သာယာဝတီမြို့နယ် ကျွဲသက်ကျေးရွာအုပ်စု သုံးဆယ်ဆည်ရေသောက်စနစ်အတွင်း နွေစပါးမျိုးထုတ်စိုက်ခင်း ရေဆင်းပေါ်ဆန်း(၁)နှင့် (၂) ပျိုးထောင်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ရေဆင်းပေါ်ဆန်း (၁) နှင့် (၂) စပါးမျိုးများသည် ရာသီမရွေးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်ထားသော မျိုးများဖြစ်ပြီး သာယာဝတီမြို့နယ်အတွင်း ယခုနွေစပါးရာသီတွင် မျိုးသန့်ပွားမျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးထုတ်လုပ်ပြီး ဒေသတွင်းတောင်သူများသို့ ဖြန့်ဖြူးကာ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီတွင် စိုက်ဧရိယာတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

သုံးဆယ် ဆည်ရေသောက်စနစ်အနေဖြင့် နွေစပါး ဧက ၄၂၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိပြီး နွေစပါး ဆည်ရေသွင်းပြီး ဧက ၂၄၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြဝတီရပ်ကွက်နေ ဦးခင်မောင်မောင်သွင် (၄၂)နှစ်သည် ၎င်းအသုံးပြုသည့် “Khin Mg Mg Thwin” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ခင်မောင်မောင်သွင်အား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကန်ကြီးထောင့်မြို့မရဲစခန်း(ပ)၇/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၄ ရက်တွင် ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်နေ ဒေါ်မြသီတာ (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် “Mya Thida” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြသီတာအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်တွင် ဟင်္သာတမြို့မရဲစခန်း (ပ)၁၀/ ၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)/၂၈ဖြင့်လည်းကောင်း။

အလားတူ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြို့တော်ခန်းမရှေ့၌ အမျိုးသားတစ်ဦး ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာမွေမြို့နယ် နတ်မောက်ရပ်ကွက်နေ မင်းထက်(ခ) ကိုမင်း (၂၂)နှစ်သည် မြို့တော်ခန်းမရှေ့ ဝင်ပေါက်အနီး၌ “Reject the illegal election” ဟု ရေးသားထားသည့် အဖြူရောင်ကတ်ထူစက္ကူအားကိုင်ဆောင်ကာ ဆန္ဒပြနေသည်ကိုတွေ့ရှိရသဖြင့် ၎င်းအား ကျောက်တံတားမြို့မရဲစခန်း (ပ)၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာနေ ကိုမျိုး (၄၇)နှစ်သည် အရက်သေစာ သောက်စားမူးယစ်၍ ရွေးကောက်ပွဲမဲရုံအဖြစ်ဖွင့်လှစ်ထားရှိသည့် အခြေခံပညာမူလတန်းကျောင်းရှေ့သို့ရောက်ရှိလာပြီး မဲပေးရန်လာရောက်ကြသူများအား ဆန္ဒမဲမပေးနိုင်စေရန် ပြောဆိုဟန့်တားနှောင့်ယှက်ခြင်းများပြုလုပ်ခဲ့သဖြင့် ၎င်းအား ဇန်နဝါရီ ၁၁ ရက်တွင် မုတ္တမနယ်မြေရဲစခန်း (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်ဖမ်းဆီးပြီး တရားခံများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

လီဗာပူးအသင်းတိုက်စစ်သမား ဖလော်ရီယန်ဝစ်ဇ်သည် ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလက မားကုစ်ဘာဘဲလ်နောက်ပိုင်း အက်ဖ်အေဖလားပြိုင်ပွဲ၌ ဂိုးသွင်းယူနိုင်သည့် ပထမဆုံး ဂျာမနီနိုင်ငံသားဖြစ်လာခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဆာဘော့စလိုင်း၊ ဖရင်ပေါင်၊ ဝစ်ဇ်နှင့် အီကီတီကီတို့က သွင်းယူပေးပြီး ပြိုင်ဘက် ဘန်စလေအသင်းအတွက် သွင်းဂိုးကို ဖီးလစ်က သွင်းယူပေးခဲ့သည်။

အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ လီဗာပူးအသင်းက အက်ဖ်ဘာရိုက်တန်အသင်းနှင့် တွေ့ဆုံနေသည်။ ထို့ပြင် အခြားနာမည်ကြီးအသင်းများဖြစ်သည့် အာဆင်နယ်က ဝီဂန်၊ ချယ်ဆီးက ဟူးစ်ဖီးတီး၊ အက်စ်တွန်ဗီလာက နယူးကာဆယ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေသည်။ **အောင်ဇော်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ

**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**(ET-301) အခြေခံ ပရိုဂရမ်မိတ်ဆက် (LOGO! 8) ခွင့်ပြုချိန် (၃:၀၀)နာရီ**

**အပိုင်း (က)**
**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ အောက်ပါတို့ကို မှန်လျှင်(မှန်) သို့မဟုတ် မှားလျှင် (မှား) ဟုဖြေပါ။ (၂၀ မှတ်)
(က) Backplane (သို့မဟုတ် Base Unit) သည် မတူညီသော Subsystems များအတွက် ဘုံသုံး Bus (Common Shared Bus) တစ်ခုဖြစ်ပြီး Data နှင့် Power နှစ်မျိုးလုံးကို ဖြန့်ဝေပေးပါသည်။
(ခ) CPU (Central Processing Unit) သည် PLC ၏ "ဦးနှောက်" ဖြစ်ပြီး PLC ကို အသေးစားကွန်ပျူတာတစ်ခုအဖြစ် လုပ်ဆောင်စေသည်။
(ဂ) PLC များတွင် အဓိက I/O (၂) မျိုးရှိသည်။
(ဃ) OR ၊ AND နှင့် NOT Gate တို့သည် (Basic Gate) အခြေခံလော့ဂျစ်များဖြစ်သည်။
(င) AND gate အလုပ်လုပ်ပုံမှာ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော input များသည် state 1 သို့ရောက်ပါက output သည် state 1 ကို ရရှိမည်ဖြစ်သည်။
(စ) NOR Gate သည် အခြေခံ logic gate များဖြစ်သော AND နှင့် NOT gates တို့ပေါင်းစပ်ရာမှရရှိသည်။
(ဆ) AND gate ကို Electrical circuit ၏ သဘောတရားနှင့် နှိုင်းယှဉ်ကြည့်လျှင် Input Switch များကို parallel ဆက်သွယ်ထားခြင်းပင်ဖြစ်သည်။
(ဇ) AND Gate သည် Input အားလုံး (close) 1 ဖြစ်မှသာ output အလုပ်လုပ်မည်ဖြစ်သည်။
(ဈ) Overload Relay သည် မော်တာ၏ ဝန်အားကိုစောင့်ကြည့်ပြီး အလွန်မြင့်မားသော ဝန်အားဖြစ်ပေါ်ပါက မော်တာ၌စီးဆင်းနေသော လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ပေးသည်။
(ည) Jogging ပိုင်းသည် Full Voltage ဖြင့် စတင်သောကြောင့် High Torque (အမြင့်လှည့်အား) ရရှိပါသည်။

၂။ အောက်ပါတို့၏ အဖြေမှန်ကို ရွေး၍ နံပါတ်နှင့် အဖြေကို ရေးပါ။ (၂၀ မှတ်)
(က) ..................... သည် မတူညီသော Subsystems များအတွက် ဘုံသုံး Bus (Common Shared Bus) တစ်ခုဖြစ်ပြီး Data နှင့် Power နှစ်မျိုးလုံးကို ဖြန့်ဝေပေးပါသည်။
(၁)Power Supply (၂)Backplane (၃)Input/Output module
(ခ) .....................သည် LOGO! စနစ်များကို အင်တာနက်မှတစ်ဆင့် အဝေးထိန်းချုပ်ရန်နှင့် စောင့်ကြည့်ရန် အခမဲ့ဖန်တီးပေးထားသော စနစ်တစ်ခုဖြစ်ပါသည်။
(၁)HMI (၂)LWE (၃)Expension module
(ဂ) XOR နှင့် XNOR Gate များသည် ................ အမျိုးအစား gate များဖြစ်ကြသည်။
(၁) အခြေခံကျသော Gate များ (Basic Gates) (၂) ပြောင်းလဲခြင်းမရှိသော Gate များ (Universal Gates) (၃) ဆင့်ပွားလာသော Gate များ (Derived Gates)
(ဃ) ............တွင် input သည် state 0 ကိုရရှိပါက output သည် state 1 ကိုရရှိမည်ဖြစ်သည်။
(၁) AND gate (၂) OR gate (၃) NOT gate
(င) input များအားလုံး state 1 ဖြစ်နေမှသာ .................. gate ၏ outputသည် state 0 ထုတ်ပေးမည် ဖြစ်သည်။
(၁) NOR (၂) NAND (၃) XOR
(စ) Input များအားလုံး state 0 ဖြစ်နေမှသာ ......... gate ၏ output သည် state 1 ထုတ်ပေးမည်ဖြစ်သည်။
(၁) NOR (၂) NAND (၃) XOR
(ဆ) ..................တွင် timer functions, retentive functions အစရှိသည်တို့နှင့် parameter အမျိုးမျိုးတို့ ပါဝင်ပြီး လိုအပ်သလို assign ပြုလုပ်နိုင်သော လုပ်ဆောင်ချက်များပါဝင်သည်။
(၁) General Function (၂) Constant contactor (၃)Special Function
(ဇ) Function စတင်အလုပ်လုပ်နိုင်ရန် ............... ကို Signal ပေးရသည်။
(၁) S (Set) (၂) Trg (Trigger) (၃) R (Reset)
(ဈ) ............... သည် မော်တာကို လိုင်းဗို့အားနှင့် ချိတ်ဆက်ရန် အသုံးပြုသော Electric Switch ဖြစ်သည်။
(၁) Breaker (၂) Fuse (၃) Main contactor
(ည) Jogging ပိုင်းသည် Full Voltage ဖြင့်စတင်သောကြောင့် .........................
(၁) low torque ဖြစ်နိုင်သည်။ (၂)high torque ဖြစ်နိုင်သည်။ (၃) မော်တာရပ်သွားနိုင်သည်။

**အပိုင်း (ခ)**
**အောက်ပါမေးခွန်းများမှနှစ်သက်ရာ(၃ ပုဒ်)ကိုဖြေဆိုပါ။**

၃။ (က) LWE (LOGO Web Editor) ဆိုသည်မှာ အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။ (၅ မှတ်)
(ခ) NAND gate တွင် input အရေအတွက် (၄)ခုပေး၍ Truth Table တစ်ခုတည်ဆောက်ပါ။ (၁၅ မှတ်)
၄။ (က) အခြေခံကျသော Logic gate များကိုဖော်ပြ၍ ၎င်းတို့အကြောင်း ပုံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။ (၁၀ မှတ်)
(ခ) ON Delay အကြောင်းကို လိုအပ်သော ပုံနှင့်တကွ ပြည့်စုံစွာ ရှင်းလင်းပြပါ။ (၁၀ မှတ်)
၅။ (က) AND gate ၏ အလုပ်လုပ်ပုံကို Electrical circuit ၏ သဘောတရားနှင့် နှိုင်းယှဉ်၍ ပုံနှင့်တကွ ဖြေဆိုပါ။ (၆ မှတ်)
(ခ) Input (၄)ခု Output (၁) ခုဖြင့် AND gate ဆက်သွယ်ပုံကို Function blog ဖြင့်ဆွဲပြပါ။ (၂ မှတ်)
(ဂ) Input (၄) ခု Output (၁) ခုဖြင့် AND gate ဆက်သွယ်ပုံကို Ladder ဖြင့် ဆွဲပြပါ။ (၂ မှတ်)
(ဃ) AND logic ဖြင့် Output table ကို ဖော်ပြပါ။ (၁၀ မှတ်)
၆။ Jogging (သို့မဟုတ်) Inching control အလုပ်လုပ်ပုံကို Ladder diagram နှင့်တကွ ရှင်းပြပါ။ (၂၀ မှတ်)

****************************** END of QUESTIONS ********************************

မှတ်ချက် ။ ။ အပိုင်း (ခ) တွင် မေးခွန်းများအားတစ်ပုဒ်လျှင် ၂၀ မှတ်တန် သို့မဟုတ် ၁၀ မှတ်တန် (က)၊ (ခ) ခွဲ၍ မေးနိုင်ပါသည်။

---

**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ET-302 (စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု) ခွင့်ပြုချိန် (၃:၀၀)နာရီ**

**အပိုင်း (က)**
**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ အောက်ပါတို့ကို မှန်လျှင်(မှန်) သို့မဟုတ် မှားလျှင် (မှား) ဟုဖြေပါ။ (၂၀ မှတ်)
(က) Inching ကို မော်တာမှ Full line voltage နှင့် ခဏတာချိတ်ဆက်ခြင်းဖြင့် လုပ်ဆောင်သည်။
(ခ) Normally close push button ကို လျှပ်စစ်ပတ်လမ်းအား stop ပြုလုပ်ရန် အဓိက အသုံးပြုသည်။
(ဂ) Wiring diagram သည် control ကိရိယာများနှင့် ချိတ်ဆက်ထားသော ဝိုင်ယာများ၏ သရုပ်ပုံဖော်ပြချက်ဖြစ်သည်။
(ဃ) Phase unbalance သည် Electric motor အား အသုံးပြုမောင်းနှင်ရာတွင် motor ၏ terminal များတွင် ပေးသွင်းသော ဗို့အားမညီမျှခြင်းကြောင့် ဖြစ်ပေါ်သည်။
(င) Fuses နှင့် circuit breakers ကို motor protection အတွက် အသုံးပြုသည်။
(စ) စက်ရုံအလုပ်ရုံများတွင် ပိုမို၍ အဆင်ပြေလိုက်လျောညီထွေရှိသော Two-wire control များကို အသုံးပြုကြသည်။
(ဆ) Thermostat control သည် အပူကိရိယာ၏ လုပ်ဆောင်ချက်ကို ထိန်းချုပ်သည်။
(ဇ) Induction motor သည် စတင်လည်ပတ်ချိန်တွင် starting current များ ပိုမိုလိုအပ်သည်။
(ဈ) DOL Starter သည် Star Delta နှင့် Soft Starter တို့နှင့် ယှဉ်လျှင် ကုန်ကျစရိတ် ပိုများသည်။
(ည) Interlocking သည် လုပ်ဆောင်ချက်တစ်ခု လုပ်ဆောင်နေစဉ် အခြားလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်းမှ ကာကွယ်ပေးသည်။

၂။ အောက်ပါတို့၏ အဖြေမှန်ကို ရွေး၍ နံပါတ်နှင့် အဖြေကို ရေးပါ။ (၂၀ မှတ်)
(က) Metal oxide varistor သည် ခုခံမှုတန်ဖိုးကို အလွန်လျင်မြန်စွာ ပြောင်းလဲနိုင်ပြီး ယေဘူယျအားဖြင့် ------------ nanosecond အတွင်းဖြစ်သည်။
(၁) 3 မှ 10 (၂) 5 မှ 10 (၃) 3 မှ 13
(ခ) Jogging ကို မော်တာမှ ------------- နှင့် ခဏတာချိတ်ဆက်ခြင်းဖြင့် လုပ်ဆောင်သည်။
(၁) Full line voltage (၂) Reduced voltage (၃) Rated voltage
(ဂ) ------------- သည် starter coil အား ပြင်းထန်စွာ လောင်ကျွမ်းစေပြီး ပုံပျက်စေသည်။
(၁) Voltage unbalance (၂) Single phasing (၃) Phase unbalance
(ဃ) ------------- သည် အမှန်တကယ် အသုံးပြုထားသော ပကတိခလုတ်များ၏ တည်နေရာကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကိရိယာများ၏ electrical sequence ကို ပြသသည်။
(၁) Wiring diagram (၂) Schematic diagram (၃) Control diagram
(င) Motor များသည် စတင်လည်ပတ်ချိန်တွင် ဖော်ပြထားသော Full load current ၏ ---------- ဆွဲယူအသုံးပြုသည်။
(၁) ၄၀၀% မှ ၈၀၀% (၂) ၃၀၀% မှ ၈၀၀% (၃) ၃၀၀% မှ ၇၀၀%
(စ) Control Circuit များကို အဓိက အမျိုးအစား ------------- မျိုး ခွဲခြားနိုင်သည်။
(၁) နှစ် (၂) သုံး (၃) လေး
(ဆ) ------------- နှစ်ခုကို ဘွိုင်လာအတွင်းရှိ ရေအနည်းနှင့်အများအခြေအနေကို သိရှိရန်အတွက် အသုံးပြုသည်။
(၁) Float switch (၂) Overload relay (၃) Thermal relay
(ဇ) DOL Starter သည် ------------- အထိ motor များအတွက်သာ သင့်တော်ပါသည်။
(၁) 3 HP (၂) 5 HP (၃) 7 HP
(ဈ) Fault conditions များတွင် ------------- သည် Electromagnetic contactor ကို open ဖြစ်စေသည်။
(၁) Fuse (၂) Circuit breaker (၃) Thermal overload relay
(ည) Reversing starter များတွင် contactor နှစ်လုံးတစ်ပြိုင်နက် energize ဖြစ်ခြင်းမှ ကာကွယ်ရန် --------- ---- ကို အသုံးပြုကြသည်။
(၁) interlocking (၂) jogging (၃) inching

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

### အပိုင်း (ခ)

**အောက်ပါမေးခွန်းများမှ နှစ်သက်ရာ(၃ ပုဒ်)ကိုဖြေဆိုပါ။**

၃။ (က) လျှပ်စစ်မော်တာများ ပျက်စီးရခြင်းအကြောင်းများကို ဖော်ပြပါ။ (၅ မှတ်)
(ခ) Jogging နှင့် inching တို့၏ ကွာခြားချက်များကို ရှင်းပြပါ။ (၅ မှတ်)
(ဂ) မည်သည့် Control စနစ်တွင်မဆို အရေးကြီးဆုံး လုပ်ဆောင်ချက်မှာ အဘယ်နည်း။ (၅ မှတ်)
(ဃ) Motor နှင့် circuit ကာကွယ်ခြင်းအကြောင်းကို ရှင်းပြပါ။ (၅ မှတ်)

၄။ (က) Motor control circuit များတွင် အသုံးပြုသော component များနှင့် device များကို စာရင်းပြုစုပါ။ (၈ မှတ်)
(ခ) Thermal relay (ခ) magnetic relay (ဂ)electronic relay တို့အကြောင်း မှတ်စုတိုရေးပါ။ (၇ မှတ်)
(ဂ) Magnetic contactor ၏ အားသာချက်များကို ဖော်ပြပါ။ (၅ မှတ်)

၅။ (က) Schematic diagram ဆိုသည်မှာ အဘယ်နည်း။ အသေးစိတ်ရှင်းပြပါ။ (၅ မှတ်)
(ခ) Wiring diagram ဆိုသည်မှာ အဘယ်နည်း။ အသေးစိတ်ရှင်းပြပါ။ (၅ မှတ်)
(ဂ) DOL starter ၏ အားသာချက်၊ အားနည်းချက်နှင့် အသုံးဝင်ပုံများကို ဖော်ပြပါ။ (၁၀ မှတ်)

၆။ (က) Mechanical interlocking အကြောင်း ဆွေးနွေးရှင်းလင်းပါ။ (၁၀ မှတ်)
(ခ) Double acting push button ကို အသုံးပြုထားသော Electrical interlocking အကြောင်း ဆွေးနွေးရှင်းလင်းပါ။ (၁၀ မှတ်)

.....................................................................

### ၂၀၂၆ ခုနှစ်
### စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
### မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**(ET–303) လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ** **ခွင့်ပြုချိန် (၃:၀၀)နာရီ**

### အပိုင်း (က)

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ အောက်ပါတို့ကို မှန်လျှင်(**မှန်**) သို့မဟုတ် မှားလျှင် (**မှား**) ဟုဖြေပါ။ (၂၀ မှတ်)
(က) သံလိုက်တစ်ခု၏ ပတ်ဝန်းကျင်တွင် သံလိုက်အားလမ်းကြောင်းများသည် တစ်ခုနှင့်တစ်ခု ဖြတ်လျက် မရှိပါ။
(ခ) Transformer တစ်လုံးတွင် AC supply နှင့်ဆက်သွယ်ထားသော winding ကို primary winding ဟု ခေါ်သည်။
(ဂ) Core အမျိုးအစား three–phase Transformer ၏ core တွင် တူညီသော ဧရိယာရှိသည့် limbs သုံးခုရှိသည်။
(ဃ) တိုက်ရိုက်လျှပ်စစ်ထုတ်စက် (dc generators) တွင် အမြဲတမ်း သံလိုက်များမှ သံလိုက် စက်ကွင်းကို ထုတ်လုပ်ပေးသည်။
(င) DC motor သည် direct current ကို စက်ပိုင်းဆိုင်ရာ အလုပ်အဖြစ်သို့ ပြောင်းလဲပေးသည့် ကိရိယာ ဖြစ်သည်။
(စ) Stamping ၏အထူသည် အများအားဖြင့် 0.3mm မှ 0.5mm အထိ ရှိသည်။
(ဆ) Rotor သည် motor တစ်လုံး၏ လည်နေသော အပိုင်းဖြစ်သည်။
(ဇ) Induction machine များကို asynchronous machine များဟု ခေါ်သည်။
(ဈ) ပုံမှန်လည်ပတ်နေချိန်တွင် rotor ၏ frenquency သည် အလွန်သေးငယ်သောကြောင့် loss ပါဝါဆုံးရှုံးမှု အလွန်နည်းပါးသည်။
(ည) Synchronous machine တွင် အဓိက အစိတ်အပိုင်းနှစ်ခုမှာ armature winding နှင့် magnetic field တို့ဖြစ်သည်။

၂။ အောက်ပါတို့၏ အဖြေမှန်ကိုရွေး၍ နံပါတ်နှင့် အဖြေကို ရေးပါ။ (၂၀ မှတ်)
(က) magnetic flux ၏ unit မှာ ...... ဖြစ်သည်။
(၁) Weber(Wb) (၂) Tesla(T) (၃) Wb/m2
(ခ) အရာဝတ္ထုတစ်ခုတွင် သံလိုက်အားလမ်းကြောင်းများ ဆက်သွယ်ဖြတ်သန်း စီးဆင်းနိုင်သော စွမ်းရည်ကို ၎င်းအရာဝတ္ထု၏ ......... ဟုခေါ်သည်။
(၁) Conductivity (၂) Resistivity (၃) permeability
(ဂ) Transformer core ၏ Magnetic circuit တွင် limbs နှင့် ....... သည်အဓိကပါဝင်သည်။
(၁) insulation (၂) yokes (၃) bushings
(ဃ) hysteresis နှင့် ....... losses သည် သံလိုက် Core တွင် ဖြစ်ပေါ်သည်။
(၁) eddy current (၂) mechanical (၃) copper
(င) Limbs များနှင့် yokes များ၏ ဖြတ်ပိုင်းဧရိယာသည် တူညီသောကြောင့် ၎င်းတို့ တွင် ..... ဖြစ်ပေါ်မှု ပမာဏတူညီသည်။
(၁) current (၂) flux (၃) voltage
(စ) Transformer သည် သတ်မှတ်ထားသော output တွင် အလုပ်လုပ်နေသောအခါ အပူချိန်သည် ...... မှ 60 °C ထက်မပိုစေရပါ။
(၁) 35 °C (၂) 45 °C (၃) 25 °C
(ဆ) Armature winding ကို ........ ပုံ ရစ်ပတ်ထားပြီး Armature ၏ မြောင်းများ (slots) များထဲတွင် ထည့်သွင်းထားသည်။
(၁) တြိဂံ (၂) အဝိုင်း (၃) လေးထောင့်
(ဇ) Commutator ကို လျှပ်ကာထားသော ....... အပိုင်းများဖြင့် ပြုလုပ်ထားသည်။
(၁) ကြေးနီ (၂) ကာဗွန် (၃) အလူမီနီယံ
(ဈ) Salient pole type Synchronous machine တွင် pole pitch ၏ 2/3 ကို pole shoes များဖြင့် ဖုံးအုပ်ထားသည်။
(၁) 1/3 (၂) 2/3 (၃) 2/5
(ည) Non–salient pole type Synchronous machine သည်မြင့်မားသော လည်ပတ်မှု အမြန်နှုန်း (......rpm) တွင် အသုံးပြုနိုင်သည်။
(၁) ၃၅၀၀ (၂) ၁၅၀၀ (၃) ၃၀၀၀

### အပိုင်း (ခ)

**အောက်ပါမေးခွန်းများမှ နှစ်သက်ရာ (၃ ပုဒ်)ကို ဖြေဆိုပါ။**

၃။ (က) Reluctance 100000 AT/Wb ရှိသော magnetic circuit တစ်ခုတွင် coil တစ်ခုအား 250 turns ရစ်ပတ်ထားသည်။ Coil တွင် current 2 A စီးဆင်းနေပြီး 5 ms တွင် reversed ဖြစ်ခဲ့မည်ဆိုလျှင် coil တွင် ညှို့ယူရရှိမည့် average emf တန်ဖိုးကိုရှာပါ။ (၁၀ မှတ်)
(ခ) Flux density 1.2 Wb/m2ရရှိရန်လိုအပ်သော electro–magnet တစ်ခု၏ air gap မှာ 2 mm နှင့် iron path မှာ 1–meter အရှည်ရှိသည်။ Electro magnet သည် 1273 turns ရှိမည်ဆိုလျှင်လိုအပ်သော magnetising force နှင့် current ကိုတွက်ပါ။ Iron ၏ permeability အား 1500 ဟုယူဆပါ။(၁၀ မှတ်)

၄။ (က) Power transformer တစ်လုံး၏ primary သည် 1000 turns နှင့် secondary သည် 100 turns ရှိသည်။ Core ၏ထောင့်ဖြတ်ဧရိယာသည် 6 sq နှင့် အလုပ်လုပ်နေစဉ်တွင် အမြင့်ဆုံး flux density မှာ 1 tesla ဖြစ်သည်။ Primary နှင့် secondary windings တို့၏ တစ်ဗို့တွင်ရှိသော အပတ်ရေကို ရှာပါ။ (၁၀ မှတ်)
(ခ) ဝန်သည် unity pf တွင် 20kw ဖြစ်နေစဉ် auto–transformer သည် 230Vမှ 200Vသို့ voltage level ကို stepdown လုပ်လေ့ရှိသည်။ Losses နှင့် magnetizing current ကို လျစ်လျူရှုခြင်းအားဖြင့် winding ၏ မတူညီသော အပိုင်းများရှိ လျှပ်စီးကြောင်းကိုရှာပါ။ (၁၀ မှတ်)

၅။ (က) 250 V dc shunt motor တစ်လုံးသည် full load ဖြင့် မောင်းနှင်နေစဉ် current သည် 30 A ဆွဲယူနေသည်။ Motor armature နှင့် field winding ၏ resistance များမှာ 0.1 Ω နှင့် 200 Ω တို့ဖြစ်သည်။ Full load မောင်းနှင်နေသောအချိန်တွင် motor မှ ထုတ်ပေးသော back emf ကို တွက်ပါ။ (၁၀ မှတ်)
(ခ) Resistance–start single phase induction motor ၏ Schematic Diagram ပုံကိုဆွဲပါ။ (၁၀ မှတ်)

၆။ (က) A 3–phase, 4 pole induction motor ကို 400 V, 50 Hz supply ပေးထားလျှင် အောက်ပါတန်ဖိုးများကို ရှာပါ။(က) Synchronous speed. (ခ) Actual speed of the motor when running at 4% slip (ဂ) Frequency of emf induced in rotor. (၁၀ မှတ်)
(ခ) 3–phase, 4–pole, 24–slot ရှိသော alternator တစ်ခု၏ armature coils တွင် slot တစ်ခုစီကို short pitched တပ်ဆင်ထားသောအခါ (i) distribution factor နှင့် (ii) pitch factor ကိုရှာပါ။ (၁၀ မှတ်)

.....................................................................

**Objective type question**

| No | Chapter | Marks |
|---|---|---|
| 1 | 1 | 8 |
| 2 | 2 | 8 |
| 3 | 3 | 4 |
| 4 | 4 | 4 |
| 5 | 5 | 4 |
| 6 | 6 | 8 |
| 7 | 7 | 4 |
| | Total | 40 |

**Problem**

| No | Chapter | Marks |
|---|---|---|
| 1 | 1 | 10 |
| 2 | 2 | 10 |
| 3 | 5 | 10 |
| 4 | 6 | 10 |
| 5 | 7 | 10 |
| 6 | 8 | 10 |
| Total | | 60 |

| No | Chapter | Marks |
|---|---|---|
| 1 | 1 | 20 |
| 2 | 2 | 20 |
| 3 | 5 | 10 |
| 4 | 6 | 10 |
| 5 | 7 | 10 |
| 6 | 8 | 10 |
| Total | | 80 |

Objective Type + Problem
= 40 + 60 = 100 marks

Question is contain 1 choice problem
Objective Type + Problem
= 40 + 80 = 120 marks

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် "နမ့်ပင" အသေးစားရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်နေမှု လိုက်လံကြည့်ရှု

**မုံရွာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် နောင်လွန်ကျေးရွာရှိ တောင်သူ ဦးဖိုးတာ စိုက်ပျိုးထားရှိသည့် ရော်ဘာနှင့် ကုန်းမြင့်ကော်ဖီသီးနှံ ရောနှောစိုက်ခင်း ဧက ၂၀ သို့ရောက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ရော်ဘာနှင့် ကုန်းမြင့်ကော်ဖီသီးနှံ စိုက်ပျိုးထားရှိမှုကို ရှင်းလင်းပြသသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်အတူ ကုန်းမြင့်ကော်ဖီသီးနှံ ကိုင်းဖြတ်သရုပ်ပြသမှုကို ကြည့်ရှုပြီး ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီးရှိ နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် "နမ့်ပင" အသေးစားရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် 33KV(၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ တည်ဆောက်ရေးတာဝန်ခံများက ဓာတ်အားခွဲရုံ တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ဓာတ်အားခွဲရုံ တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှုသည်။(ဓာတ်ပုံ)

ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် "နမ့်ပင" အသေးစားရေအားလျှပ်စစ်စီမံကိန်း ဖိအားမြှင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုနှင့် ရေယူအဆောက်အအုံ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါ နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိ၍ Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား - ၃၄ ဒသမ ၆၈ သန်းကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးခြင်း အသိပညာပေး

**သီပေါ ဇန်နဝါရီ ၁၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃)တွင် ပါဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းအသိပညာပေးဆွေးနွေးခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့တော်ခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် သီပေါမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်တို့က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမှာစကားပြောကြားပြီး သီပေါမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်သန်းဇော်က အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို မဲပေးကြမည့် ပြည်သူများအား ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများအား အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ် မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့်မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူများကိုယ်တိုင် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးက ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်နှင့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရန် ရည်ရွယ်၍ ဇန်နဝါရီ ၁၃ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က မြို့ပတ်လမ်းပေါ်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို စစ်ဆေးပြီး မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စသည့်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ၂၂၁

## ကျောက်တန်းမြို့နယ်၌ ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်

**ကျောက်တန်း ဇန်နဝါရီ ၁၃**

ကျောက်တန်းမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း




(သော်က) သော်ကရတနာခန်းမ၌ ယမန်နေ့က ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ပြည်မြန်မာသီချင်း"ဖြင့် ကပြဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ရွှေက အမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင်နာယက ဦးကျင်ဝမ်းက နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ စာပေထူးချွန်ဆုရရှိသူများကိုလည်းကောင်း၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

◆ *ကျောဖုံးမှ*

လိုက်ပါစီးနင်းနိုင်သည့် RBE အထက်တန်းတွဲခရီးစဉ် ခြောက်ကြိမ်နှင့် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်သည့် RBE ရိုးရိုးတန်းတွဲခရီးစဉ် နှစ်ကြိမ်ဖြစ်၍ ခရီးသည် ၂၂၄ ဦးနှင့် ဇန်နဝါရီ ၁၂ ရက်က ပြင်ဦးလွင်မြို့ရှိ Snow Queen ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမ ၂၁၀ အတွက် ရိုးရိုးတန်းသုံးတွဲနှင့် အထက်တန်း တစ်တွဲဖြင့်ဖွဲ့ဆင်၍ စင်းလုံးငှားရထားဖြင့် ပို့ဆောင်ပြေးဆွဲပေးခဲ့ပြီး စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့အထိ ခရီးသည်စုစုပေါင်း ၉၇၄ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ် (၂)RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ တွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

ပြင်ဦးလွင်-ဂုတ်ထိပ် အသွား/အပြန် ခရီးစဉ်အတွက် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ သီးခြားရက်များတွင် ငှားရမ်းလိုပါက RBE ရထား(တစ်စင်းလုံး) ၂၄ ဦး လိုက်ပါစီးနင်းနိုင်သည့် အထက်တန်းတွဲဖြင့် အသွား/အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်သည်။ ထို့အတူ ခရီးသည် ၁၅၀ နှင့်အထက် စီးနင်းနိုင်ရန် ရထားကြီးဖြင့် အထက်တန်းတစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲချိတ်ဆက်၍ ပြေးဆွဲပေးမည်ဖြစ်ရာ ငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ငှားရမ်းနိုင်ပြီး ရိုးရိုးတန်းတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်သည်။ ရုံပိုင်ကြီး(အထူးတန်း)ပြင်ဦးလွင်၊ ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ မှတစ်ဆင့် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်


**နေပြည်တော် ဇန်နဝါရီ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကို ကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာဖြတ်သန်းနေကြသော ပြည်သူများ၏ ငြိမ်းချမ်းသော အနာဂတ်ခရီး”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် **“အခုချိန်ထိလုပ်နေတာတွေက ဘယ်သူ့အတွက်လဲ မစဉ်းစားနိုင်သေးတဲ့အကြမ်းဖက် PDF တွေရဲ့ တောကျွဲအင်းတိုက်ခိုက်မှုကြောင့် ပြည်သူတွေဒုက္ခထပ်ရောက်နေရ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## နှလုံးသားထဲက မြရတနာစာအုပ်ဖြန့်ချိ




**နေပြည်တော် ဇန်နဝါရီ ၁၃**

စာရေးသူမြကြာငံ့ ရေးသားပြုစုထားသည့် နှလုံးသားထဲက မြရတနာ( မိခင်မေတ္တာခံစားမှု၊ ခွန်အားဖြည့်စာစုများ) စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

ယင်းစာအုပ်တွင် ဇီဇဝါပန်းစည်း၊ ရင်ထဲကစကား၊ ဘုရားသခင် ဖြစ်လေမလား၊ နှလုံးသားထဲက လက်ဆောင်မွန်၊ ပင်လယ်ခေါ်ပြ၊ ဘယ်တော့မှ အဆုံးမသတ်လိုက်ပါနဲ့၊ နည်းနည်းပဲဖြစ်ဖြစ် ကြင်နာပါ၊ လက်တစ်ခုပ်စာ မြရတနာ၊ ဘွားဘွားရူဘီ၊ အကြင်နာလက်၊ ဘဝအတွက် အလိုအပ်ဆုံးအရာ၊ သားကြီးဖတ်ဖို့ အမေ့ရဲ့စာ၊ ကမ္ဘာကြီးသို့ ပန်ကြားလွှာ စသည့်စာစုလေးများဖြင့် စုစည်းဖော်ပြထားသည်။

CHICKEN SOUP FOR THE WOMAN'S SOUL စာအုပ် မူရင်းစာရေးသူ အမေရိကန်စာရေးဆရာကြီး Jack Canfield သည် ဘဝ၏ တွန်းအားများအကြောင်း၊ ဘဝ၏ အောင်မြင်ခြင်းလျှို့ဝှက်ချက်အကြောင်းများနှင့် စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ရေးသားဟောပြောမှုများတွင် ထင်ရှားကျော်ကြားသူဖြစ်ပြီး Chicken Soup စာအုပ်များမှာ ကမ္ဘာအနှံ့အပြား နှစ်မြိုက်သူများပြားလှသည်။ စာအုပ်တွင်ပါသည့် စာစုလေးများကို ဖတ်ပြီး မိခင်များ၏ ဘဝခရီးတွင် ရှေ့ဆက်ရန် အင်အား၊ အချစ်၊ ပျော်ရွှင်မှုအပြင် မိန်းမသားတစ်ယောက်၏ စိတ်ဝိညာဉ်ကို ပဉ္စလက်အတတ်နှင့် မြှင့်တင်ပေးနိုင်ပြီး အံ့ဖွယ်ထူးကဲသည့် စိတ်ခွန်အားများဖြစ်စေမည့်အပြင် အဖိုးမဖြတ်နိုင်သည့် အနန္တမေတ္တာရှင် မိခင်၏ ကျေးဇူးကို ဖော်ကျူးထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို လင်းရောင်သစ်စာပေ အမှတ် ၃၀ သီရိမင်္ဂလာလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိထားပြီး တစ်နိုင်ငံလုံးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

**မြန်မာ့အလင်း**

## ပခုက္ကူတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်

**ပခုက္ကူ ဇန်နဝါရီ ၁၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဖူဆယ်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်က အဆိုပါတက္ကသိုလ်ရှိ ဖူဆယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အထူးပြုဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဖူဆယ်အားကစားပြိုင်ပွဲ တတိယဗိုလ်လုပွဲစဉ်အဖြစ် ဘူမိဗေဒဌာနအသင်းနှင့် ဝိဇ္ဇာညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘူမိဗေဒဌာနအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ဓာတုဗေဒဌာနအသင်းနှင့် သိပ္ပံညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒဌာနအသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ဘာမီသာ(ပခုက္ကူ)**

## G-9 အောင်မြင်ပြီးသူများ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်နိုင်

**ကျောက်မဲ ဇန်နဝါရီ ၁၃**

ကျောက်မဲမြို့ အထက(၃)ကျောင်း၌ ဖွင့်လှစ်ထားသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ Grade -9 အောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူများ လျှောက်ထား တက်ရောက်နိုင်ကြောင်း ယမန်နေ့က အထက(၁) သီရိရတနာခန်းမ၌ အသိပညာပေး ဟောပြောသည်။



**ဟောပြောဆွေးနွေး**

ဦးစွာ ကျောက်မဲမြို့နယ် ပညာရေးမှူး ဒေါ်ခင်ဌေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မိုင်းငေါ့မြို့ တာဝန်ခံ ဒေါ်ရည်မွန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဝေမာထွန်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းမှ ဆရာဦးထက်လှိုင်းကျော်နှင့် ဆရာ ဆရာမများက ကျောက်မဲမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာများကို အထက်တန်းပညာနှင့်တွဲဖက်၍ ဖွင့်လှစ်သင်ကြားပေးနေသည့် အခြေအနေများ၊ ဘာသာရပ်အလိုက် ရွေးချယ် တက်ရောက်နိုင်သည့် အခြေအနေများနှင့် ရွေးချယ်တက်ရောက်သည့် ဘာသာရပ်အလိုက် ရရှိလာနိုင်မည့် အခွင့်အလမ်းများ အကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**



## ကျောက်တလုံးကြီးမြို့ ဟမ်းဆီးကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း အသိပညာပေးဟောပြော

**တောင်ကြီး ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ဟမ်းဆီးကျေးရွာ၌ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးကျင်းပသော ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း အသိပညာပေးဟောပြောပွဲကို အဆိုပါကျေးရွာ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ကျောက်တလုံးကြီး မြို့အုပ်ချုပ်ရေးမှူး ဦးသက်နိုင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် ဟမ်းဆီးကျေးလက်ကျန်းမာရေးဌာန၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာန၊ မိခင်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာပေးဟောပြောသည်။

**ဇော်နိုင်လင်း**

## တောင်တွင်းကြီးမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၃**

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက် သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးနှင့် အရေးပါပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများ၊ ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



**နောင်နောင် (ဗိသုနိုးမြေ)**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မွန်ပြည်နယ်တရားလွှတ်တော်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၁၇၇

ဦးအစ်သာရ်ဟူစိန် **နှင့်** ၁။ ဦးအရှာရလ်အာလီ
(ခ) ဦးစိုးနိုင် ၂။ မွန်သာရ်ဟူစိန်
၃။ ဒေါ်ခတီဇာဘီ
၄။ ဦးအကါစ်ဟူစိန်
၅။ ဦးအီဆက်
၆။ ဦးအဗ္ဗဒူလ်ဂျာဘာ(ခ)Aဂျာဘာရ်
၇။ ဒေါ်သန်းသန်းဝင်း
၈။ ဦးဟာမွတ်အာလံ
၉။ ဦးအီစမိုင်
၁၀။ ဒေါ်ဆိုင်ဒါဘီ
၁၁။ မောင်မောင်(ခ)ကိုမောင်မောင်

**ပြင်ဆင်မှုလျှောက်ထားသူ ပြင်ဆင်မှုလျှောက်ထားခံရသူများ**

လျှောက်ထားခံရသူအမှတ်(၇) ဒေါ်သန်းသန်းဝင်း အမှတ်(၁/၂၅)၊ ကြက်သွန်ကုန်းရပ်ကွက်၊ ပိန္နဲကုန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်နှင့် လျှောက်ထားခံရသူအမှတ်(၁၀) ဒေါ်ဆိုင်ဒါဘီ၊ ရေတွင်းကုန်းကျေးရွာ၊ ကျိုက်မရောမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဦးအစ်သာရ်ဟူစိန်(ခ)ဦးစိုးနိုင်က ဤရုံးသို့ မော်လမြိုင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၇၁/၂၀၂၃ အမှုတွင် (၁၉-၁၁-၂၀၂၅) ရက်က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်၍ ဤပြင်ဆင်မှုကို လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချမှတ်သင့်ကြောင်း အကြောင်းပြရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖတ်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာတင့်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မွန်ပြည်နယ်တရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ -၂၀
## ရွှေပြည်သာမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅

ဦးသိန်းဝင်း **နှင့်** ဦးရဲနောင်နောင်ဇော်
(တရားလို၏အခွင့်ရကိုယ်စားလှယ်
ဦးကောင်းကျော်လှ)
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၃/၁၆/၃၆၂)နေ တရားပြိုင် ဦးရဲနောင်နောင်ဇော်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း(၈၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက် မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နုယမင်းဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (ဗညားဒလ)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် (၁၂၉၇)၊ အကျယ်အဝန်း: (၄၀ပေ × ၆၀ပေ)ရှိ ဦးကြည်လင်း (**LTA-**၀၀၇၀၇၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဘမောင် (၁၂/ပဘတ (နိုင်) ၀၁၃၀၅၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** **ဦးကျော်စိုးဦး**
**LL.B, D.B.L, D.I.L,** **LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)
၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (ဗညားဒလ)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် (၁၃၁၁)၊ အကျယ်အဝန်း: (၄၀ပေ × ၆၀ပေ)ရှိ ဦးရာဂျာ (ခ) ဦးသီဟလွင် (၁၂/ပဘတ (နိုင်) ၀၃၂၃၂၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးရာဂျာ (ခ) ဦးသီဟလွင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** **ဦးကျော်စိုးဦး**
**LL.B, D.B.L, D.I.L,** **LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)
၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## အမည်ပြောင်း

PEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-2(Ruby) မှ ဦးပြည့်ဖြိုးသွင် ၁၄/ပသန(နိုင်) ၁၇၉၀၂၃ ၏ သား မောရှိုင်းမင်းသွင်အား မောင်လွင်ဘုန်းသန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လွင်ဘုန်းသန်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အလက(၇)၊Grade(6-B) တွင် ပညာသင်ကြားနေသော မစိုက်ဥာဏ်၏ ဖခင်အမည်မှန်မှာ မင်းကျော်သူ ၁၀/ ခဆန(နိုင်)၀၉၁၇၇၆ ဖြစ်ပါကြောင်း။

**မင်းကျော်သူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ Star City Condo၊ တိုက်အမှတ်B-2၊အခန်းအမှတ် (301) အခန်းအမျိုးအစား 2 Bedrooms အကျယ်အဝန်း ဧရိယာ(938)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်းပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးသိန်းအေး ၁၂/ပဇတ(နိုင်) ၀၂၆၉၇၃ ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်အိအိခင် ၁၂/ပဇတ(နိုင်) ၀၃၄၀၀၄ မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အားဆက်လက် လုပ်ဆောင်သွားပါမည်။

**ဒေါ်အိအိခင်**
**ဖုန်း-၀၉-၅၀၄၀၈၅၀**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ နယ်မြေ-၁၁၊ သလ္လာရပ်နေ ဦးနေမျိုးအောင်၏သမီး မခင်ငြိမ်းဖူး ၅/မရန(နိုင်)၃၂၁၉၈၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် MG-366788မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၉၅၄၈၄၆၁၉၅**

## မွေးသက္ကရာဇ်အမှန်

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးလှရွှင်၏သမီး ဒေါ်သီတာစိုး ၅/မရန(နိုင်) ၁၄၀၇၀၉၏ မွေးသက္ကရာဇ်အမှန်မှာတက္ကသိုလ်ဝင်စာမေးပွဲ အောက်လက်မှတ်အရ(၂၃-၄-၁၉၈၀) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(၂၉/စာရေးကုန်း)၊ ဦးပိုင်အမှတ် (၃၂)၊ မြေဧရိယာ ၀ဒသမ ၁၀၈ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးထွန်းထွန်းဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၄၀၅)ဟု ခေါ်တွင်သည့် ဧရိယာ(၀.၀၆၂)ဧကေ အကျယ်အဝန်းရှိသော ဂရန်မြေကွက်တစ်ကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်နေအိမ်တစ်လုံးအပါအဝင် အခြားအကျိုးခံစားခွင့်များအားလုံးကို မြေငှားဂရန် အမည်ပေါက်ပိုင်ရှင် ဦးဇော်မင်းခိုင် (ဘ) ဦးကျင်ထွန်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေမီသိန်း (ဘ) ဦးစံသိန်းတို့မှ ၎င်းတို့သာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးပြတ် သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၀၃)**
**အမှတ်(၀၉၈)၊ ဝိစာရဏာလမ်း၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၆၂၂၆၆**

## သက်ဆိုင်သူနှင့်အများပြည်သူများသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဝင်း(၇/ဇကန(နိုင်)၀၇၃၃၉၃) ZMW Training Center တည်ထောင်ထားသော ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ZMW Training Center သည် စင်္ကာပူနိုင်ငံသို့ သန့်ရှင်းရေးဝန်ထမ်းများအား အလုပ်အကိုင်ရှာဖွေပေးခြင်းလုပ်ငန်းကို ကောင်းမွန်သောဂုဏ်သတင်းဖြင့် ပြုလုပ်နေသည်မှာယနေ့တိုင်ဖြစ်ပါသည်။ ထို့အပြင် ZMW Training Center ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ Online, Tik Tok .Facebook များတွင်လည်း အများပြည်သူသိရှိနိုင်ရန်ရည်ရွယ် အသုံးပြုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ZMW Training Center ၏ ကောင်းသောဂုဏ်သတင်းများနှင့် အကျိုးစီးပွားများပျက်စီးရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ၊ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရန် ရည်ရွယ်၍လည်းကောင်း ထုတ်လုပ်ပြောဆိုတင်ပြခြင်းများ ပြုလုပ်သူများအား ယခုကြော်ငြာပါသည့်ရက်မှစ၍ တည်ဆဲဥပဒေများနှင့်အညီထိ ရောက်စွာအရေးယူသွားမည်ဖြစ်သည်။ ယခုသက်ဆိုင်သူနှင့် အများပြည်သူများသိရှိစေရန် ကြေညာချက်" အပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ZMW Training Center ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွားပျက်စီးစေရန် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဆက်လက်ဆောင်ရွက်မည်ဆိုပါက ZMW Training Center ၏ဂုဏ်သိက္ခာနှင့်အကျိုးစီးပွားနစ်နာဆုံးရှုံးမှုကိစ္စအဝဝတို့အတွက် တာဝန်ယူ ဖြေရှင်းပေးရမည်ဖြစ်ကြောင်းနှင့် ထိုသို့ပြုလုပ်သူ မည်သူကိုမဆို ရာဇဝတ်ကြောင်း၊ တရားမကြောင်းနည်းလမ်းများဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ZMW Training Center ဒေါ်ဇင်မာဝင်း(၇/ဇကန(နိုင်)၀၇၃၃၉၃)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် LL.B.DIL, WIPO 101(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၂၇)**
**ဖုန်း-၀၉-၄၅၁၆၆၁၆၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/81070, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးဇော် ၁၄/ရကန(နိုင်) ၁၅၅၉၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/12491, Honda PCX-150 ယာဉ်လက်ဝယ်ရှိသူ ဦးရွှေထွန်း ၁၄/ဟသတ(နိုင်)၂၉၈၁၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ဟသ်ာတ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏ သား မောင်ပြည့်ဖြိုးကျော် ၈/နမန(နိုင်) ၁၈၆၇၉၁ နှင့် မောင်ချမ်းမြေ့အောင် ၈/နမန(နိုင်) ၂၀၀၁၇၁ တို့သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးသွားမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်စောယုထွေး ၈/နမန(နိုင်) ၀၀၅၇၂၇**
**အောင်ဆန်းရပ်၊ နတ်မောက်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဒေဝဒဟလမ်း(၄၀)၊ မြေကွက်အမှတ် (၁၄၁၅)ဟုခေါ်တွင်သော မြေအလျား x အနံ (၆၀ x ၁၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ဆိုင်သူထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မို့မို့ခင် (၁၂/ဥကတ(နိုင်)၁၁၄၄၁၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းငွေ (၁၀/ကထန(နိုင်) ၁၆၀၃၇၂) က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်အပါအဝင် အခြားဆက်စပ်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံလွှဲပြောင်း ရယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါ၍ အဆိုပါ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဝင်းသူရဇော်(LL.B)** **ဒေါ်ယမင်းထွေး(LL.B)** **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းနိုင်သည် "တော်ဝင်နန်းအိမ်ခြံမြေအကျိုးဆောင်" အမည်ဖြင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းအား မှတ်ပုံတင်အမှတ် (၅၉/၂၀၂၃)(၇-၇-၂၀၂၃)ဖြင့် ၂၀၂၃-ခုနှစ်မှစ၍ ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး Online Sales Reg No(193749325(2024-09-16)ဖြင့်လည်း လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ်ဖြင့်လည်းကောင်း၊ လုပ်ငန်းအမည်ဖြစ်သည့် "တော်ဝင်နန်းအိမ်ခြံမြေအကျိုးဆောင်"ဖြင့်လည်းကောင်း အခြားသူများမှ လိမ်လည်အတုပြုလုပ်ကာ အိမ်ခြံမြေရောင်းဝယ်ခြင်းလုပ်ငန်းများကို ကျွန်ုပ်၏မိတ်ဆွေပြုလုပ်သယောင် ဆောင်ရွက်လုပ်ကိုင်နေကြောင်း စုံစမ်းသိရှိရပါသည်။ အဆိုပါ ပြုမူလုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ်ဖြင့်လည်းကောင်း၊ လုပ်ငန်းအမည်ဖြစ်သည့် "တော်ဝင်နန်းအိမ်ခြံမြေအကျိုးဆောင်"ဖြင့်လည်းကောင်း၊ လိမ်လည်အတုပြုလုပ်ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်တန့်ရန်သတိပေးတားမြစ်လိုက်သည်။ ဆက်လက်ပြုလုပ်နေမည်ဆိုပါက တည်ဆဲတရား ဥပဒေများဖြင့် တရားတစ်ထုံးစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ ပြုလုပ်ခဲ့၍ ဖြစ်ပေါ်လာမည့် ငွေကြေးကိစ္စနှင့်လူမှုရေးကိစ္စအဝဝတို့အားလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းနိုင် သည် ယနေ့အချိန်ထိ လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ငွေကြေးကိစ္စများနှင့်ပတ်သက်၍လည်းကောင်း ၊ ဖုန်း-၀၉-၇၇၇၇၇၂၉၄၃၊ ၀၉-၉၆၂၂၂၇၂၁၂၊ ၀၉-၇၆၂၂၂၇၂၁၂ တို့(၃)လုံးနှင့်သာ ဆောင်ရွက်လုပ်ကိုင်နေခြင်းသာရှိပြီး အခြားလူများမှ အခြားဖုန်းနံပါတ်များနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းကိစ္စများ၊ ငွေကြေးကိစ္စများလုပ်ကိုင်ဆောင်ရွက်ခဲ့သည်ရှိသော် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းနိုင်နှင့်မည်သို့မျှ ဆက်နွယ်ပတ်သက်ခြင်းမရှိသလို ဖြေရှင်းဆောင်ရွက်ပေးခြင်းမျိုးလည်း လုပ်ဆောင်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** **ဒေါ်ယမင်းထွေး(LL.B)** **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်ကွက် | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | |
| ၁ | ဦးဇော်ဇော်မြင့် | ပုသိမ်မြို့နယ် | ၁ | ၅၁၊အကောက်ဆိပ်အကွက် | ၃၆ | ၀.၁၁၀ | အမည်ပြောင်း |
| ၂ | ဒေါ်ခင်ဝင်းပါ(၂)ဦး | ပုသိမ်မြို့နယ် | ၆ | ၁၀၉၊ရွှေးဘိုတပ်အကွက် | ၆၂-ဃ၊ ၈၀-စ | ၀.၀၃၇ | အမည်ပြောင်း |
| ၃ | ဒေါ်လှိုင်မျိုးအေးပါ(၂)ဦး | ပုသိမ်မြို့နယ် | ၆ | ၈၃-ခ၊ကုလားတန်းအကွက် | ၉၅ | ၀.၀၂၆ | အမည်ပြောင်း |
| ၄ | ဒေါ်ကေသီထွန်း | ပုသိမ်မြို့နယ် | ၁၃ | ၅၂၊ရွှေဝတ်မှုံအကွက် | ၅၉ | ၀.၁၈၅ | အမည်ပြောင်း (သက်တမ်းတိုး) |
| ၅ | ဦးရဲထက်အောင် | ပုသိမ်မြို့နယ် | ၁၃ | ၅၂၊ စီးပွားဇုန်အကွက် | B-၈၉ | ၀.၁၁၀ | အသစ် |
| ၆ | ဦးမြင့်နိုင် | ပုသိမ်မြို့နယ် | ၅ | ၆၈-က၊ ထောင်ကြီးအကွက် | ၄၁-၃/၃ | ၀.၁၈၄ | ဦးပိုင်ခွဲ (အမည်ပြောင်း) |
| ၇ | ဒေါ်အေးအေးစိုးပါ(၂)ဦး | ပုသိမ်မြို့နယ် | ၃ | ၄၃၊ တံတားကြီးတန်းအကွက် | ၄၃-ခ | ၀.၁၁၅ | သက်တမ်းတိုး |

ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ၊ အထွေထွေပိုလျှံရန်ပုံငွေနှင့် အရေးပေါ်ရန်ပုံငွေတို့ဖြင့် ပြည်နယ်/တိုင်းဒေသကြီးရုံးများတွင် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းတင်ဒါ၊ လုပ်ငန်းတစ်ရပ်လုံးတင်ဒါနှင့် ငှားရမ်းခြင်းတင်ဒါများ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၁၄ - ၁ - ၂၀၂၆)ရက် (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - (၂၇ - ၁ - ၂၀၂၆)ရက် (၁၅:၃၀) နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - (၂၉- ၁ - ၂၀၂၆) / (၁၀:၀၀) နာရီ

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း - ၀၉- ၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
### ထန်းတပင်မြို့နယ်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀

| | | |
|---|---|---|
| ဦးစိုးထိုက်စံ | နှင့် | ဒေါ်ရွှေဇင်ထွေး |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ကင်မွန်းချုံကျေးရွာ၊ ဇရပ်ကြီးမြို့နေ ဒေါ်ရွှေဇင်ထွေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုကြောင်း"နှင့်ပတ်သက်၍ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၅) ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်လင်း)**
**မြို့နယ်တရားသူကြီး**
**ထန်းတပင်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

မောင်ရန်ပိုင်စိုး (ဘ)ဦးကျော်အေး ၁၃/ကမန(နိုင်)၁၃၇၆၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၉၃၂၉၄၁၈၅**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမှတ်(၁၀) ရပ်ကွက်၊ မြတောင်ရပ်နေ အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်း GXI (D)တွင် ပညာသင်ကြားနေသော မောင်လုလု၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၅/ရဘန(နိုင်) ၂၈၃၅၈၃ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း**
**၅/ရဘန(နိုင်) ၂၈၃၅၈၃**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပန်းဆုဝေအောင် (ဘ)ဦးအောင်ဖုန်းဝေ ၂/လကန(နိုင်)၀၈၈၁၉၀နှင့် ဦးခွန်ဘိုလွယ် (ဘ)ဦးတင်ထူး ၁၃/ပလန(နိုင်) ၁၀၂၈၄၄ တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ဖြင့် ၈-၁-၂၀၂၆ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ပန်းဆုဝေအောင်နှင့် ဦးခွန်ဘိုလွယ်တို့ သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းဆုဝေအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးသက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၉၀)**
**အမှတ် ၃၆၀၊ ရတနာလမ်း၊နယ်မြေ(၁၂)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉- ၄၂၈၀၀၄၅၆၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ အကွက်အမှတ်-၈၊ အကွက်အမည်-သွန်းဘုရားကြီးရပ်၊ ဦးပိုင်အမှတ်-၁ဃ/၊ ဧရိယာ (၀.၀၄၈)ကေအနက် ဧရိယာ (၀.၀၀၉)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော် နောက်ဖေးလမ်း၊ အနောက်လားသော်-ဇောတိကလမ်း၊ တောင်လားသော် - ဦးပိုင်အမှတ် ၁ဃ/၊ မြောက်လားသော် - ဦးပိုင်အမှတ် ၁က/၊ အထက် ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ကျော့သီရိထွန်းမှ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဒေါ်ကျော့သီရိထွန်း**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးလုပ်ငန်းများတွင် အသုံးပြုရန် Bank Note Processing Machine BPS M-7 များ၏ Spare Parts (၁၆)မျိုး၊ BPS C4-4နှင့် BPS C4-8 Machine များ၏ Spare Parts (၆)မျိုးအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၁-၂၀၂၆ ရက်မှ ၂၈-၁-၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန်** - ၂၉ -၁ -၂၀၂၆ ရက်၊ မွန်းလွဲ(၁:၀၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်နေ့ရက်** - ၂၉-၁ -၂၀၂၆ ရက်၊ မွန်းလွဲ(၁:၃၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်နေရာ** - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တစ်ချက်တည်းကျင်းဝင်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက် နံနက် (၁၁:၃၀) နာရီတွင် ရန်ကုန်ဂေါက်သီးရိုက်အသင်း(တညင်းကုန်း)၌ ဦးသိန်းဇော်ထွန်း(MDY အရိုး)သည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးကိုကိုအေး၊ ဦးဇော်မင်း၊ ကိုနေအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၈)ကို (၂၁၀)ကိုက်အကွာမှ Titleist No-4 ဘောလုံးအား Wood 5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

**ရန်ကုန်ဂေါက်သီးရိုက်အသင်း၊ တညင်းကုန်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၈၈ ရပ်ကွက်၊ မြေကွက်အမှတ်(၁၃၂/ခ)၊ ငွေဇင်ယော်လမ်း၊ (အလျားပေ ၂၀၊ အနံပေ ၆၀) အကျယ်ရှိ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်အိုးအိမ်နှင့် စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်စိုးလင်း (၉/မထလ(နိုင်)၀၀၉၁၈၈) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်စုစန္ဒီအောင် (၁၂/ဒဂဆ(နိုင်)၀၁၃၄၂၅)ဆိုသူမှ အရောင်းအဝယ်စာချုပ် အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများမရှိကြောင်း တာဝန်ယူ၍ ရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်အိမွန်အောင် (၁၂/ရကန(နိုင်)၀၈၉၄၀၂) တို့က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သတ်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ဘဲ ကျန်ငွေများကိုပေးချေ၍ မြေကွက်အား အရောင်းအဝယ် ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်ဒေါ်အိမွန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေသွယ်မင်းနိုင် (LL.B)**
**(စဉ်-၅၆၇၉၉) အထက်တန်းရှေ့နေ**
**အမှတ်-(၆၂/ခ)၊သပြေလမ်း၊ ၂ခ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၅၀၅၉၈၁၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)၊ အမှတ်(၁၄/၆၈၅) ဟုခေါ်တွင်သည့် (၄၀ x ၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လင်းလင်းအောင် ၉/ပမန(နိုင်) ၀၀၁၁၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဂျူလိုင်အောင် ၉/ပမန(နိုင်)၁၆၀၀၇၂၃ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် မြေကွက်အား ဆက်လက် အရောင်းအဝယ်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဂျူလိုင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 33W/96739, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၄/ဟသတ(နိုင်)၃၉၆၂၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/4301 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပတင် ၇/သနပ(နိုင်) ၀၃၆၂၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

# လှိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ယဉ်ဝေလွင်-ပြည်စာပေဆုတည်ထောင်သူ၊ ဆရာ ဦးစိန်ခို ဆေးတိုက်နှင့် ဆရာ ဦးစိန်ခိုဆေးဝါးထုတ်လုပ်ရေး ပြည်မြို့မှ **ဒေါက်တာယဉ်ဝေလွင်** သည် ၄-၁-၂၀၂၆ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေသည့် ပုဂ္ဂိုလ်များအား အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ **"သီဟသုဓမ္မ သိင်္ဂီ"** ဘွဲ့တံဆိပ်တော်အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးကျော်စွာဝင်း+ဒေါ်တင်တင်ကျော်**
**ဦးကျော်လင်းဦး+ဒေါ်စန္ဒာဝင်း**
**တက်နေဝန်း ရောင်းဝယ်ရေးမိသားစု၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ ဦးထွန်းအုံးလမ်း ကျောကပ်လမ်းပေါ်တွင်ရှိသော မြေကွက်အမှတ် (၁၅၆)၊ (၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကြီးမောင်(CG-၀၃၇၈၁၃)အမည်ပေါက် မြေချပါမစ်မူရင်း၊ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇေယျကျော် (၁၂/ဒဂရ(နိုင်)၀၀၇၂၂၃)မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးဟိန်းလျှမ်းမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဒေါ်သီတာမိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၉၇၇၄၅၈၅၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အမှတ်(၅၂)၊ ကင်မလင်းကျွန်း၊ ဦးပိုင်အမှတ်(၂- ၂၅) ဦးသန်းထွန်း(ကွယ်လွန်) အမည်ပေါက်မြေ၊ မြို့မြေအမျိုးအစား ၀ ဒသမ ၀၈၃ ကေအနက်မှ (ပေ၂၀xပေ၆၀)ရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားပိုင်ဆိုင်၊ စီမံခန့်ခွဲလွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်စိုးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင် ၁၁/ဂမန(နိုင်)၀၃၈၂၅၇၇မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေကာ အရောင်းအဝယ် ပြုလုပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၄၅)**
**အမှတ်(၁၈)၊ စံပြ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဖုန်း-၀၉ - ၂၅၀၂၃၈၃၆၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာရှိ ကွင်းအမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၉၂)ကို ဦးဘချစ် အမည်ဖြင့် ချထားပေးသော မြေဧရိယာ (၁) ဧကအထဲမှ (၉၆ x ၈၀)ပေ အထဲမှ ခွဲစိတ်၍ အကွက်အမှတ်(A-1)၊ အကျယ်အဝန်း (အလျား ၃၅ ပေ x အနံ ၃၀ ပေ)ရှိ မြေကွက်နှင့် ၎င်း၏မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် ရေ၊ မီးစုံအပါ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်များ မြေကွက်လွှဲပြောင်းစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်နန်းငွေမြ (ဘ) ဦးခမ်းဟိန်း ၁၃/နခန(နိုင်)၀၀၁၁၄၁ မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုမြိုင် ၈/ရနခ(နိုင်) ၁၆၅၇၆၁ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စုစုမြိုင်** | **ဦးဇော်မြင့်ထွန်း (LL.B)** |
| **၈/ရနခ(နိုင်) ၁၆၅၇၆၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၃၂)** |
| **ဖုန်း-၀၉-၄၄၆၆၈၀၇၀၄** | **အမှတ်(၁၇၄၉)၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၀၂၅၆၉၉၀၈** |

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ မန်ခိုင်ရပ်ကွက်၊ အမှတ်(၁/၁၇၆)နေ မညီလီဆာ ၁/ ဆလန(နိုင်) ၀၀၂၇၆၇ ၏ ဖခင် ဦးကေဆီးရဲ့ (ခ)ဦးကယ်ဆီးအု ၁/ဆလန(နိုင်)၀၀၁၄၄၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ Grade-11($B_2$)မှ မောင်ခါးဒိမ်၏ အမည်မှန်မှာ မောင်လတောင်ခါးဒိမ် ဖြစ်၍ မွေးသက္ကရာဇ် အမှန်မှာ ၂၂-၆-၂၀၀၆ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးလတောင်ဇော်ဂျာ ၁/ဆပဘ(နိုင်)၀၀၅၃၅၀ ဖြစ်ပါကြောင်း။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အေးသာယာရပ်၊ နိဗ္ဗာန်လမ်းနေ ဖခင် ဦးဖြိုးပြည့်စုံ ၅/မရန(နိုင်) ၁၃၇၅၀၁ နှင့် မိခင် ဒေါ်တိုးတိုးကျော် ၅/မရန (နိုင်) ၁၅၃၉၁၄တို့၏ သမီးဖြစ်သူ မဖြိုးသီရိစံ ၅/မရန(နိုင်) ၃၁၆၅၅၇ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် မိမိသဘောအလျောက် နေအိမ်ပေါ်မှ ဆင်းသွားခဲ့သည့်အတွက် ၎င်းအား မိဘများက သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြင့်ဟိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၀)**
**သလ္လာရပ်ကွက်၊ မုံရွာမြို့**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၊ မဓာဝီလမ်းမကြီး၊ အမှတ်(၅၇၉)နေ (ဘ)ဦးလှထွေး ၁၂/ဥကမ(နိုင်)၀၆၁၂၆၈ - (မိ) ဒေါ်ဒေစီဝင်း ၁၂/ဥကမ(နိုင်)၀၆၄၀၉၅ တို့၏သား ကိုကျော်မင်းစိုး ၁၂/ဥကမ (နိုင်) ၁၈၀၃၉၄၏ မွေးသက္ကရာဇ် အမှန်မှာ ၁၆-၁၀-၁၉၈၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဖြူးမြို့နယ်၊ အထက(၁)ကျောင်းမှ ဒုလယ်ပြ ဆရာမ ဒေါ်ခင်မာအေး ၇/ဖမန(နိုင်)၀၀၀၈၂၇၏ ဖခင်အမည် ဦးပုရွှေ(ခ)ဦးမောင်ရွှေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးပုရွှေ(ခ) ဦးမောင်ရွှေ**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အလက(ခွဲ) ဇီးခုန် ကျောင်းမှ မူအုပ်ဆရာမကြီး ဒေါ်ရင်ရင်သန်း၏ အမည်မှန်မှာ ဒေါ်ယဉ်ယဉ်သန်း ၇/ဖမန(နိုင်) ၀၀၈၅၈၆ ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၁၉-၂-၁၉၆၉ ဖြစ်ပါ ကြောင်း။

**ဒေါ်ယဉ်ယဉ်သန်း**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျော့ယမင်းသိန်း ၅/မရန(နိုင်)၂၉၅၉၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျော့ယမင်းသိန်းသည် (Kyawt Yamin Thein) Facebook Account ဖွင့်၍လည်းကောင်း၊ (Angelo's Little Shop) အမည်ဖြင့် ဖိနပ်နှင့် အထည်ရောင်းဝယ်ခြင်း လုပ်ငန်းကို တရားဝင် လိုင်စင်ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ တိကျမှန်ကန်စွာ နာမည် ဂုဏ်သတင်းကောင်းဖြင့် ရောင်းဝယ်လုပ်ကိုင်လျက်ရှိပါသည်။

ထို့ပြင် ကျွန်ုပ်မိတ်ဆွေ၏ အမည်နှင့်ဓာတ်ပုံများအား လူမှုကွန်ရက်မျက်နှာစာ ဖြစ်သော Facebook ၊ Messenger ၊ Viber ၊ TikTok ၊ Telegram ၊ Instagram အစရှိသဖြင့် Online များ အသုံးပြု၍လည်းကောင်း၊ လူမှုပတ်ဝန်းကျင်၌ ကျွန်ုပ်၏မိတ်ဆွေ အမည်၊ ဆိုင်နာမည်၊ Page အမည်ကို အလွဲသုံးစား ပြုလုပ်ခြင်း၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသော မော်တော် ယာဉ်များ၊ ဓာတ်ပုံများပြောဆို ဆောင်ရွက်ထားသော စာသားများအား Screenshot ရိုက်ယူ၍ ဆင့်ပွားအသုံးပြုခြင်းများကို ခွင့်မပြုကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းနှင့်ပတ်သက်၍ အနှောင့်အယှက်ဖြစ်စေမည့် Post များ၊ စာများ၊ Online Social Media များပေါ်တွင် မမှန်မကန်လုပ်ရပ်များ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ကျွန်ုပ်၏မိတ်ဆွေအပေါ် အခြားသူများမှ မမှန်မကန် လုပ်ဆောင်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ကျော့ယမင်းသိန်း**
**၅/မရန(နိုင်)၂၉၅၉၅၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဆွေ(LL.B, DBL, DIL, DTSM)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၁)**
**ရပ်ကွက်ကြီး(၁၉)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၉၇၆၃၂၄၄၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/ရုံးရပ်)၊ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ်(ပ-၁၉၁၅) ကို အမည်ပေါက် ဒေါ်ကြည်ကြည်ခိုင် (ဘ) ဦးသိန်း ၁၂/ရကန(နိုင်)၀၅၃၈၄၅ မှ ဦးအောင်ဇော်ဦး (ဘ) ဦးစိုးဝေ ၆/ဘကန(နိုင်)၀၄၈၈၃၈ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်မြင့်နိုင် (ကိုယ်ပိုင်အမှတ် ၇၅၄၉၈၅) မှတ်ပုံတင် အမှတ် ၁၃/ကလန(နိုင်)၀၅၅၁၆၈ (ဘ) ဦးကြည်အောင် အမည်ပေါက် ပါမစ် မြေကွက်အမှတ်ပစ(င)၄၃၅၆ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်ဆွေဝင်း ၁၃/ကလန(နိုင်)၀၇၂၈၆၈ (ဘ) ဦးအောင်ခင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုး ပေးသွင်းချလန်မိတ္တူ၊ တကမြင့်နိုင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထား ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/သပြေကုန်းရပ်၊ လူနေရပ်ကွက် - သပြေကုန်းရပ်ကွက်၊ မြေကွက်အမှတ် (၃၆၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ ပေ (၆၀x၆၀)ခန့် အကျယ်အဝန်းရှိ ဒေါ်နှင်းနီလာဆွေ (ဘ)ဦးခင်မောင်ဆွေ၊ ၇/ညလပ(နိုင်)၁၂၂၆၈၂ နှစ် (၃၀) မြေငှားဂရန် စာချုပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်အမှတ် (၃၆၅)အား လက်ရှိထားအမည်ပေါက် ပိုင်ဆိုင်သူဖြစ်သော ဒေါ်နှင်းနီလာဆွေ (ဘ) ဦးခင်မောင်ဆွေ ၇/ညလပ(နိုင်) ၁၂၂၆၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှာ အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီကြပါသောကြောင့် ရောင်းကြေးစရန်ငွေအချို့အား ပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်စပ်လျဉ်းပြီး ကန့်ကွက် လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသန္တာဇော်(LL.B) တရားလွှတ်တော်ရှေ့နေ စဉ် -၁၃၃၅၆)**
**အမှတ်(၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၂၀၅၄၀၈၇၊ ၀၉-၇၉၇၈၅၁၈၅၀**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/1184 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၄၂၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်နန်းအေးတွမ်း (ဘ)ဦးအိုက်တွမ်း ၁၃/လရန(နိုင်)၀၀၀၅၇၄ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး ဒေါ်ထားထားလှိုင် (ဘ)ဦးမြ ၉/ပဥလ(နိုင်)၀၀၈၂၀၅ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေရေိယာ ၀ ဒသမ ၃၃၀ ဧက၊ မြေကွက်အမှတ် (ဥ-၄၀၀၁)၊ ဒေါ်ဇာဇာထွန်း ၉/အမရ(နိုင်)၀၈၈၃၄၅ (ဘ) ဦးလှဒွေး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဇာဇာထွန်း ၉/အမရ(နိုင်)၀၈၈၃၄၅ (ဘ) ဦးလှဒွေးမှ ဒေါ်ဖြူဖြူမြင့် ၉/အမဇ(နိုင်)၀၀၇၇၅၅ (ဘ) ဦးကျော်သိန်း၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ တာငါးဆယ်တောင်ရပ်ကွက်၊ အကွက် အမှတ် (၂၈)၊ တာငါးဆယ်တောဇရပ်၊ ဦးပိုင်အမှတ် (၂၆၉^ဏ)၊ ဧရိယာ ၀ ဒသမ ၁၉၉ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

| | | |
|---|---|---|
| အရှေ့လားသော် | - | ဦးပိုင်အမှတ် (၂၆၉^ပ) |
| အနောက်လားသော် | - | ဦးပိုင်အမှတ် (၂၆၉^ဒ)၊ ဦးပိုင်အမှတ် (၂၆၉^ဈ) |
| တောင်လားသော် | - | ဦးပိုင်အမှတ် (၂၆၉^ဒ) |
| မြောက်လားသော် | - | အင်္ဂပိုလမ်းတို့ ဖြစ်ကြပါသည်။ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် နန့်သန်းဝင်းအေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ် (၁၆၀၉/ခ)၊ မြေအကျယ်အဝန်း(၂၀ ပေx ၆၀ ပေ)ရှိ ဦးဘတင် (EH-၀၂၃၇၀) ၁၂/လမန(နိုင်)၀၁၂၆၆၀ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့် ရှိသူ ဒေါ်သီတာမော် ၁၂/လမန(နိုင်)၀၂၅၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမောင် ၁၁/ရသတ(နိုင်)၀၁၇၂၅၂ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစဇော်မင်းထွေး (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၃၈၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၄၄၈၅၃၇၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-(က/၆၄) ဟုခေါ်တွင်သောမြေရှင် ဦးသန်းဆောင် ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁၅x၅၅) ပေရှိ (၂) ခန်းတွဲ ရင်ခွဲတိုက်၊ တတိယထပ်(ခေါင်းရင်းခြမ်း) တိုက်ခန်း (၁) ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဦးဝင်းမြင့်သူ ၁၂/မရက (နိုင်)၁၉၄၄၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဝင်း ၁၂/ဥကတ(နိုင်)၁၇၂၅၀၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရီလေးမော် (LLB)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၇၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး အင်းစိန်မြို့နယ်**
**ဖုန်း - ၀၉ ၄၂၀၀၈၉၃၈၀**

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက် (ယခုပင်လုံရပ်ကွက်)နေ (ဘ)ဦးဘိုးစီ၏ သမီး ဒေါ်မိုးကြည် ၅/ကလထ(နိုင်)၀၂၇၉၀၉ သည် မောင်နှမများဖြစ်ကြသည့် ဒေါ်ခင်ဆွေဦး၊ ဒေါ်မိုးခင်၊ ဒေါ်မိုးရင်၊ ဒေါ်ခင်လေး၊ ဦးအောင်အောင်ထွေးတို့နှင့် အတူ ကလေးမြို့၊ ပင်လုံရပ်ကွက်နေ ဒေါ်မိုးမိုးသဲ ၅/ကလထ(နိုင်)၁၅၁၂၀၀ ထံသို့ ၂၄-၁-၂၀၂၅ ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၀/၂၀၂၅) ဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယခုအခါတွင် ကျွန်မဒေါ်မိုးကြည်က ဒေါ်မိုးမိုးသဲထံသို့ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းအား ယခုသတင်းစာကြော်ငြာ ပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မိုးကြည် ၅/ကလထ(နိုင်)၀၂၇၉၀၉**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အ.လ.က (ဒေါ်တမ)ကျောင်း Grade 5 မှ မဖူးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးဘောင်ထန်း ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ဦးနိုင်ဝင့်သူ ၁၀/ကထန(နိုင်)၁၆၄၃၇၆ နှင့် ဒေါ်ခင်မြတ်သူ ၇/ဝမန (နိုင်)၁၈၉၉၄၄ တို့သည် ၂၂-၆-၂၀၂၁ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၆-၁၂-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုကွာရှင်း ပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်ခင်မြတ်သူ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းကိုကို(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၁၃၉)**
**အမှတ်(၄၄)၊ အောင်ဆန်း(၁)၊ (၁)လမ်း၊ ဖက္ကလိပ်၊ ကျိုက်ထိုမြို့**
**ဖုန်း-၀၉-၄၂၅၂၆၄၄၈၆**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

လှိုင်ကော်မြို့၊ လောမွေရပ်ကွက်နေ (ဘ)ဦးစိုးတင့်၏သမီး မသိန်းကျော်မ၏ အမည်မှန်မှာ မယွန်းရတီအောင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၂၀၀၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဗန်ထွမ်းမာ ၏သမီး ကျွန်မ မလားမိုန်းထား၏ ၅/ကလထ(နိုင်)၂၄၃၂၀၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၇၇၃ ၂၄၆ ၁၅၆**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/86517 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၁/ဗမန(ပြု) ၀၀၀၁၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4671, Toyota Toyoace XKU414, Van 4x2 R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ် ၉/မခန(နိုင်)၀၁၃၆၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**
**(တိုင်းဒေသကြီးရုံးခွဲ၊**
**ရွှေသာကြီး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁-၂၀၂၆ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၃ တွင်ပါသော ကန့်ကွက်နိုင်ကြောင်း အများသိကြော်ငြာတွင် (၂) ဗမ္ဗူလိုင်း အစား (၂) ဇမ္ဗူလိုင်းဟု ပြင်ဆင် ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/51330 Honda CBR 500R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၁၄/မအပ(နိုင်) ၃၄၄၀၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/8123 Mitsubishi Eclipse CROSS ယာဉ်လက်ဝယ် ရှိသူ ဦးရန်အောင်မိုး ၅/ကလတ(နိုင်) ၀၇၇၀၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/89542, Kamax 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေသန်း ၉/မထလ(နိုင်) ၀၁၄၀၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ဦးရာဇာတ်လမ်း၊ မြေကွက်အမှတ် (၈၆၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါက်တာယဉ်ယဉ်ဦး (၁၂/မရက (နိုင်) ၁၀၄၅၁၂) နှင့် ဦးပါ (၁၂/ရကန (နိုင်) ၀၅၁၂၅၆) တို့ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်ဖြိုးအောင် (၁၂/ပဇတ (ဧည့်) ၀၀၀၄၃၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ ရွှေစင် (၇)လမ်း၊ မြေကွက်အမှတ် (၅၀၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်မောင်မြင့် (E/ RGN- ၀၁၉၅၇၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ် (၅၀၅)နှင့်ကပ်လျက် တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ဆုမြတ် (၁၂/လမန (နိုင်) ၁၄၁၈၀၃) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်အမှတ် 80W/69982, Daung-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူ ၈/ပခက(နိုင်)၂၇၄၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/8563 Honda Blade-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်ရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/30952 New Zhineng-125 ယာဉ်လက်ဝယ်ရှိသူ Kaung Thit Lwin Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်ရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/22739 Honda 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အဆင့်မြင့်အိမ်ရာစီမံကိန်းမှ တိုက်အမှတ်(၇)၊အခန်းအမှတ် (၁၀၃) ဌာနနှင့် အကျိုးတူဆောင်ရွက်သော မြန်မာ့အလှ ဆောက်လုပ်ရေးထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ဂန့်ဂေါ်ထွန်းမြင့် ၁၂/စခန(နိုင်)၀၀၂၃၇၃ က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာခြင်းကို ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 62W/15401 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/9558 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၁၄၆ ရှိ မြေကွက်အမှတ် (ပ-၁၈၇၀)ကို အမည်ပေါက် ဦးအောင်နိုင်လွင်(ဘ)ဦးမြင့်လွင် ၉/ခမဇ(နိုင်)၀၄၇၂၆၇ မှ ဒေါ်သိမ့်မို့မို့ဇော် (ဘ)ဦးဇော်သိန်းဝင်း ၈/နမန(နိုင်)၁၄၅၈၅၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့်-၅)
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၈

| | | | |
|---|---|---|---|
| ၁။ ဒေါ်ခင်လေးမြင့် | **နှင့်** | ၁။ ဒေါ်ဝင်းဝင်းမော် | **ကွယ်လွန်သူ ဦးတင်စိုး၏ တရားဝင် ကိုယ်စားလှယ်များ** |
| ၂။ ဒေါ်ခင်ရွှေသန်း | | ၂။ ဒေါ်ထွေးထွေးမော် | |
| | | ၃။ ဦးရဲဇော်စိုး | |
| | | ၄။ ဦးခင်အောင်စိုး | |
| | | ၅။ ဒေါ်စန်းစန်းနွယ် | |
| | | ၆။ ဒေါ်ခင်သက်မော် | |
| | | ၇။ ဒေါ်ခင်ဌေးရီ | |
| | | ၈။ ဦးညွန့်သန်း | |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** | |

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအရှေ့ရပ်ကွက်၊ ပလဝမ်းရွာ၊ အမှတ် (၅၅)နေ (၃)တရားပြိုင် ဦးရဲဇော်စိုးနှင့် (၄)တရားပြိုင် ဦးခင်အောင်စိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်ရွှေသန်းတို့က အမွေစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမမ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၄)၊ ဦးပိုင်အမှတ် (၃၃)နေ ဦးလှမြင့် (ခ) ဦးအကောက် (ဘ) ဦးကျင်မောင် ၉/မနတ(နိုင်)၀၅၄၄၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁၄)၊ ဦးပိုင်အမှတ် (၃၃)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကအကျယ်အဝန်းရှိ ဦးသောင်းရွှေ (ဘ) ဦးညီလှိုင် (AE-၂၃၂၃၈၇) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသောင်းရွှေထံမှ ဒေါ်နွယ်နွယ်ရီ (ဘ) ဦးလှကြည် ၉/မရမ(နိုင်)၀၅၁၃၅၁က ဝယ်ယူခဲ့ပြီး ဒေါ်နွယ်နွယ်ရီ မှ ဒေါ်ခိုင်စန္ဒာ (ဘ) ဦးပန် ၉/မရတ(နိုင်)၀၃၅၃၈၅ မှ ဝယ်ယူခဲ့ပြီး ဒေါ်ခိုင်စန္ဒာထံမှ ဒေါ်တူးတူး(ခ)ဒေါ်ပူတူးမ (ဘ) ဦးစိန် ၉/မနမ(နိုင်)၀၅၀၈၁၀ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်တူးတူး (ခ) ဒေါ်ပူတူးမထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမြင့်(ခ)ဦးအကောက် (ဘ) ဦးကျင်မောင် ၉/မနတ(နိုင်)၀၅၄၄၆၉ မှ ၂-၈-၂၀၀၇ ရက်စွဲဖြင့် မြေအရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်နှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကတိစာချုပ်အရ ဒေါ်တူးတူး(ခ)ဒေါ်ပူတူးမ မှ ဖော်ပြပါ ဂရန်မြေကွက်အား မူလအမည်ပေါက်သူ ဦးသောင်းရွှေနှင့် ချိတ်ဆက်ပေးပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုခဲ့သည်ကို ယုံကြည်၍ ဝယ်ယူခဲ့သောကြောင့် ဤသတင်းစာကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ဦးသောင်းရွှေ၊ ဒေါ်နွယ်နွယ်ရီ၊ ဒေါ်ခိုင်စန္ဒာနှင့် ဒေါ်တူးတူး (ခ) ဒေါ်ပူတူးမတို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ကျွန်ုပ်တို့ထံသို့ လာရောက် ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲစုနိုင် (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၀၈)
**ဒေါ်ထိုက်တင်ဝါကျော်(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၃)

**အကွက်(၄၁၄)၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့ ဖုန်း-၀၉-၇၈၂၀၀၆၇၃၈၊ ၀၉-၂၅၇၀၁၂၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၈၂၅၁၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိသင်းစိုး ၁၀/ရမန(နိုင်)၁၃၀၁၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၉၄၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးစံအောင် ၁၀/ကမရ(နိုင်) ၁၅၂၄၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8993 Toyota Belta SCP90, Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာအေးချမ်း ၉/မဟမ(နိုင်)၀၁၉၁၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၄)၊ ဘောဂဗလရပ်နေ (ဘ) ဦးလဘန်နော်၏ သမီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်ခွန်လတ် ၁/ရကန(နိုင်)၀၀၀၂၃၀ (ခ) ဒေါ်ခေါန်လတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖျာပုံမြို့၊ အ.ထ.က(၄) ကျောင်း Grade-6 တန်းမှ မနန်းရွှေမှုန်ထက်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၁၄/ဒဒရ (နိုင်) ၀၃၂၉၀၉ ဖြစ်ပါကြောင်း။

**ဦးနိုင်ဦး**

# အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၆ ရက်နေ့ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၆ ဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တနာဂိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကဓရ၊ ဝိနယ+ဒီဃနိကာယပါဠိပါရဂူ၊ ရွှေပြည်သာစာသင်တိုက်၊ အမှတ် (၆/၁၀) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် အထူးကြည်ညိုပူဇော်အပ်ပါကြောင်း။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

# အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၆ ရက်နေ့ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၆ ဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ **ဘဒ္ဒန္တသုန္ဒရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ စွန်းလွန်းဂူ** ဝိပဿနာကျောင်းတိုက်၊ အမှတ် (၁၆/၂) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် အထူးကြည်ညို ပူဇော်အပ်ပါကြောင်း။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/17683, Honda Blade-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းညွန့်နိုင် ၉/အမရ(နိုင်) ၁၁၅၁၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8132 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဖြိုးဝေ ၁၀/ဘလန(နိုင်)၁၀၅၀၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၇၂၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၀/မဒန(နိုင်)၁၅၄၂၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၂) နေလအိမ်ရာ၊ ဘန့်ဘွေးပင်လမ်း၊ ကျောင်းကုန်းမြောက်ကွင်း၊ မြေကွက်အမှတ် (၁၄၆)ဟု ခေါ်တွင်သော အကျယ်အဝန်း-အလျား(၂၅)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ လန/၃၉ အရ ဦးမြင့်ဦးအမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပြီး၊ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ယခုအချိန်အထိ အရောင်းအဝယ်စာချုပ် အဆက်စပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်ကျော်မီမီနိုင် ၁၂/ကတန(နိုင်)၀၁၆၇၂၂မှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း၊ မိမိသာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးချစ်လှိုင် ၁၂/သလန (နိုင်)၀၉၆၂၈၂ မှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ ရောင်းချသော အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့် နေ့မှစ၍ ၁၀ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးချစ်လှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၆၄)**
**ရုံးခန်းအမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဒေါ်ကြည် (ဘ) ဦးစံပေါ် ၉/ပမန(နိုင်) ၁၀၉၇၀၉ အမည်ပေါက် မြေကွက်အမှတ်(၃၁၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကအား အမည်ပေါက်သူနှင့် ၎င်း၏ခင်ပွန်းဖြစ်သူတို့ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် သား/သမီးများ ဖြစ်ကြ သော ဒေါ်ခင်ဦး (ဘ) ဦးတင်အေး ၉/ပမန(နိုင်)၂၁၉၂၈၂ (ပါ)၆-ဦး (ဒေါ်ခင်ဦး၊ ဦးသက်တင်၊ ဦးသက်ဝင်း၊ ဦးဝင်းကြိုင်၊ ဦးဝေလင်း၊ ဒေါ်ဝေဆန်း)တို့မှ မြေပေးမိန့်၊ ဝန်ခံကတိပြုချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံး ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၀၈၀/၂၀၂၅)၊ သေဆုံးကြောင်း အထောက်အထားလက်မှတ်များ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄-၁-၂၀၂၆ ရက်နေ့ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၆ ဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ **ဘဒ္ဒန္တကုမာရ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊** နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ လှိုင်ရတနာစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးကို **“အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အနေဖြင့် အထူးကြည်ညို ပူဇော်အပ်ပါကြောင်း။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ မိုင်းသော်အရှေ့ အုပ်စုနေ (ဘ) ခွန်တမတ်၏ သမီး နန်းနီနီဝင်းရွှေ ၁၃/တကန(နိုင်) ၃၄၄၄၇၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG-681114)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၅၀၃၅၀၁၅**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့၊ ပွဲကုန်း(၁)ရပ်နေ (ဘ) ဦးစန်းယု၏ သမီး မမူချုပ် ၁၃/ဖခန (နိုင်)၀၄၆၉၉၆ ၏နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၁၁၉၂၈၆**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့၊ စိန်မော့ရွာနေ (ဘ) ဦးတျားနို့၏သမီး မမေရီချင်း ၁၃/ဖခန(နိုင်)၀၈၃၇၈၅၏ နိုင်ငံကူး လက်မှတ်အမှတ် (MG-934624) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၁၁၉၂၈၆**

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့နယ်၊ ရွှေပြည်အေး ကျေးရွာနေ (ဘ) ဦးအောင်တင်၏ သမီး မမြသူဇာ ၁၃/ဖခန(နိုင်) ၀၈၂၂၁၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ-341370)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၁၁၉၂၈၆**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ ဘုရားဖြူရွာနေ (ဘ) ခွန်မောင်ဘိ၏ သမီး နန်းငွေငွေဝင်း ၁၃/ဆဆန(နိုင်)၀၈၈၇၀၇၏နိုင်ငံကူး လက်မှတ်အမှတ် (MD-853885) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၆၀၇၀၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/9542 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁.H၊ မြေကွက်အမှတ်V.၁၊ ဧရိယာ ၀ ဒသမ ၀၂ဧကေ၊ မြေကွက်တည်နေရာအမှတ်(၄၈/၅၀)၊ သစ္စာလမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်မေသိန်းဝင်း အမည်ပေါက် နှစ်(၉၀)မြေငှားဂရန် (သက်ကုန်)မြေအား အမည်ပေါက် ဒေါ်မေသိန်းဝင်း(မိခင်၊ အဘွား)ကွယ်လွန်၊ ဦးကျော်ထွန်း(ဖခင်၊ အဘိုး)ကွယ်လွန်ပြီး ၎င်းတို့၏ သားသမီး(၅)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးဝင်းတင်ထွန်းသည် မိဘများထက်စော၍ ကွယ်လွန်သဖြင့် ၎င်းနှင့်ဇနီးဖြစ်သူ ဒေါ်ငွေငွေမြင့်တို့၏ သမီးအရင်းဖြစ်သူ အမွေမမီမြေးတော်စပ်သူ ဒေါ်အိအိထွန်း ၁၂/ဒဂန(နိုင်) ၀၂၇၈၄၀မှ လည်းကောင်း၊ ကျန်သားတစ်ဦးဖြစ်သူ ဦးသန့်ဇော်ထွန်းသည် မိဘများထက်စော၍ကွယ်လွန်၊ ဇနီးဖြစ်သူ ဒေါ်တင်တင်အေး ကွယ်လွန်တို့၏ သားအရင်းများ ဖြစ်ကြသော အမွေမမီ မြေးများဖြစ်ကြသော ဦးကံကြီးကျော် ၁၂/မရက(နိုင်)၁၃၂၉၂၀၊ ဦးဇွန်ကိုကိုကျော် ၁၂/မရက(နိုင်)၁၅၁၁၅၄တို့မှ လည်းကောင်း၊ အမည်ပေါက်၏ကျန်သားသမီး (၃)ဦး ဖြစ်သော ဦးမင်းဆွေထွန်း ၁၃/တကန(နိုင်)၁၄၃၁၁၉၊ ဒေါ်စောမြတ်မွန် ၁၂/ဥကမ(နိုင်) ၁၇၄၈၆၇၊ ဒေါ်နီလာထွန်း ၁၂/မရက (နိုင်)၀၅၉၈၃၂တို့နှင့်အတူ ပူးတွဲ၍ မိမိတို့(၆)ဦး ကသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှု ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၃) လမ်း၊ အမှတ်(၈၄/၉၀)၊ (၃)ခန်းတွဲ(၇)ထပ် ကွန်ဒိုတိုက်၏(၅လွှာ)၊ အခန်းအမှတ်(၅၀၃) ဧရိယာ(၁၂၅၀)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အား မြေပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူကာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူများဖြစ်ကြသော ဦးရဲမြင့်သူ ၁၂/လမန (နိုင်)၁၃၀၇၄၆နှင့် ဒေါ်လှိုင်ယဉ်ဝင်း ၁၄/မမက(နိုင်)၁၄၂၀၇၃ တို့မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပါကြောင်း၊ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ အာမခံထားရှိခြင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသောကြောင့် အထက်ပါ ကွန်ဒိုတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သက်နွယ် ၁၁/စတန(နိုင်)၀၈၁၅၀၅ မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အားဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်နှင်းအေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၈၇)**
**အမှတ် - ၁၀၄၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောမြို့နယ်၊ (၃)ရပ်ကွက်၊ ကွင်းအမှတ် (၄၅-က)၊ ကွင်းအမည် (ဗိုလ်ကုန်းအရှေ့)၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ် (၁၃)၊ မြေဧရိယာ ၁ ဒသမ ၁၅၅ဧကရှိ နှစ် (၃၀)ဂရန်မြေ ဦးအောင်သာ ၁၃/ကလန (နိုင်)၀၅၅၁၂၀ (ဘ) ဦးလှအောင် ပိုင်ဆိုင်သည့်မြေကွက်အား အရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်ချုပ်ဆိုပြီး ရောင်းချသူ ဦးအောင်သာထံ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက် စာတမ်း အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွန်း ဖုန်း-၀၉-၄၀၃၄၀၉၀၇၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၄၆)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကသည်မြေဂရန် အမှုတွဲအမှတ် ၈၀၂-၅/၂၀၀၁-၂၀၀၂(အေ)ဖြင့် ဦးစိုင်းစံအေး ၁၃/လရန(နိုင်)၀၇၅၇၃၃ မှ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်၏ မြေငှားဂရန်သည် သက်တမ်းကုန်ဆုံးသဖြင့် ဦးစိုင်းစံအေး အမည်ဖြင့် မြေငှားဂရန် ထပ်မံအသစ် လျှောက်ထားလာရာ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှ ရက်(၃၀)အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် တင်ပြသူမရှိပါက ဦးစိုင်းစံအေး အမည်ပေါက် မြေဂရန်အမှုတွဲအမှတ် ၈၀၅-၅/၂၀၀၁-၂၀၀၂ (အေ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးစိုင်းစံအေးအမည်ဖြင့် မြေငှားဂရန်ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အိတ်ပိတ်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်(စ်)ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ မော်တော်ယာဉ်များတွင် အသုံးပြုထားပြီးဖြစ်သော (တာယာ၊ဘတ္တရီ၊ အင်ဂျင်ဝိုင်ဟောင်း၊ ဖင်းဂါး၊ ပလိတ်ပြား၊ဒရမ်၊ကရိုင်း၊ ဖစ်တာစုံ၊ မောင်းတိန်း၊ ရှူးခြမ်း၊ ပလက်၊ ကွိုင်၊ ဆင်ဆာ၊မီးခွက်၊ဘွတ်၊ဝိုက်ဘာ၊ပိုက်၊သံငွေပုံး၊CCTV ပစ္စည်းအစုံနှင့် သံတိုသံစ) ပစ္စည်းဟောင်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ အိတ်ပိတ်လေလံများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူတင်သွင်းရန်-

| | | |
|---|---|---|
| (က) | **လေလံပုံစံ စတင်ရောင်းချမည့်ရက်** | - ၁၅- ၁-၂၀၂၆ ရက် မှ ၂၁-၁-၂၀၂၆ ရက်ထိ (စနေ၊တနင်္ဂနွေ)ရုံးပိတ်ရက်မပါ။ နံနက် ၁၀:၀၀နာရီ မှ ညနေ ၁၅:၃၀နာရီထိ |
| (ခ) | **ရောင်းချမည့်မော်တော်ယာဉ်သုံးပစ္စည်းဟောင်းများ** | - ၁၅- ၁-၂၀၂၆ ရက်မှ ၂၁-၁-၂၀၂၆ရက်ထိ (စနေ၊တနင်္ဂနွေ)ရုံးပိတ်ရက်မပါ။ |
| | **မျက်မြင်အခြေအနေကြည့်ရှုနိုင်သည့်ရက်/အချိန်** | - နံနက် ၁၀:၀၀နာရီ မှ ညနေ ၁၅:၃၀နာရီထိ |
| (ဂ) | **လေလံပုံစံဈေးနှုန်းလွှာတင်သွင်းရမည့်ရက်/အချိန်** | - ၂၂-၁-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀နာရီ မှ ၁၁:၃၀နာရီထိ |
